# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘ စသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူး နေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (ဝ၆၄)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာစဉ်။

သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘော ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ညနေပိုင်းတွင် ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့နှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့မှ ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စတာ ကောရဲ့ကျိုး၊ စစ်သံမှူး ဗိုလ်မှူးချုပ် တင့်ဆန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❄

## ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲဝင်သုံးဦး၏ အမည်စာရင်း ဒီဇင်ဘာ ၃ ရက် ည ၈ နာရီခွဲတွင် MRTV မှ တိုက်ရိုက်ကြေညာပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ Level -1 ပွဲစဉ်များကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ လည်းကောင်း၊ Level-2 နှင့် Level-3 ပွဲစဉ်များကို မန္တလေးမြို့ နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ လည်းကောင်း ကျင်းပခဲ့ပြီး တိုက်ရိုက် Live ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဂီတပွဲတော် Level-3 ပွဲစဉ် ၄ တွင် ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင် ငါးဦးအတွက် ပရိသတ်ပေးခဲ့သော မဲရလဒ်များနှင့် ဒိုင်အဖွဲ့၏ အကဲဖြတ် အမှတ်များကို ဒီဇင်ဘာ ၃ ရက် ည ၈ နာရီခွဲတွင် MRTV မှ တိုက်ရိုက်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

အဆိုပါအဆင့်ကို အောင်မြင်ခဲ့သော ပြိုင်ပွဲဝင်သုံးဦးသည် ဒီဇင်ဘာ ၁၀ ရက် ညတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် Grand Final ပြိုင်ပွဲကြီးတွင် ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၃၆ နာရီတွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရပါသည်။ **မိုး/ဇလ**

## တရုတ် ကွန်မြူနစ်ပါတီက တိုးတက်မှုများကို တစ်ကမ္ဘာလုံးနှင့် မျှဝေသွားမည်

စာ - ၁၄




မြန်မာ့အလင်း

## အမျိုးသားရေးအကျိုးစီးပွားနှင့် ကုန်ထုတ်အစွမ်းသတ္တိ

ဝမ်းတွင်းမြို့နယ်သည် မြန်မာတို့၏ အမျိုးသားရေးကိုယ်ပိုင်လက္ခဏာ ထိန်းသိမ်းရှင်သန်ခြင်းလုပ်ငန်းဖြင့် ရပ်တည်နေသော မြို့နယ်ဖြစ်ပါသည်။ မြန်မာအမျိုးသားတို့သည် သမိုင်းအစဉ်အဆက် ပုဆိုးကို ခံ့ခံ့မင်မင် ဝတ်ဆင်ခဲ့ကြသည်။ မြန်မာအမျိုးသားတို့ ဝတ်ဆင်သည့် ပုဆိုးတို့၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဝမ်းတွင်းမြို့နယ်ရှိ ရက်ကန်းလုပ်ငန်းတို့က ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ဝမ်းတွင်းမြို့နယ်၌ ရက်ကန်းအလုပ်သမား တစ်သိန်းခန့်ရှိကြောင်း သိရှိရပါသည်။ ဤသည်မှာ ဝမ်းတွင်းမြို့နယ်၌ရှိသော လူဦးရေ စုစုပေါင်းသုံးသိန်း၏ သုံးပုံတစ်ပုံ ဖြစ်ပါသည်။ ထို့ပြင်သာမက ဝမ်းတွင်းမြို့နယ်၏ ရက်ကန်းလုပ်ငန်းသည် ဝမ်းတွင်းမြို့နယ် အခွန်ဘဏ္ဍာ၏ ၉၀ ရာခိုင်နှုန်းကို ရှာဖွေပေးနေသော လုပ်ငန်းလည်း ဖြစ်ပါသည်။ ထိုသို့သော ဝိသေသလက္ခဏာတို့ကို ပိုင်ဆိုင်သော ဝမ်းတွင်းမြို့နယ်၏ ရက်ကန်းလုပ်ငန်းသည် ယခုအခါ စိန်ခေါ်ပြိုင်ဆိုင်မှုတစ်ရပ်ကို ရင်ဆိုင်နေရပြီဖြစ်ပါသည်။ မုံရွာ အညာစောင် လုပ်ငန်းတစ်ခုလုံးနီးပါး ပြိုလဲသွားသည့် နမူနာကို လေးနက်စွာ နှလုံးသွင်းဆင်ခြင်ရန် လိုအပ်ပါသည်။

ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသော တရုတ်နိုင်ငံထုတ် ပုဆိုးတို့သည် ဝမ်းတွင်းမြို့နယ်၏ ရက်ကန်းလုပ်ငန်းကို လေးလေးနက်နက် စိန်ခေါ်ယှဉ်ပြိုင်လာနေပြီ ဖြစ်ပါသည်။ အဆိုပါ တရုတ်ပုဆိုးတို့သည် ဒီဇိုင်းပုံစံနှင့် အရည်အသွေးတို့အား မြန်မာ့ပုဆိုးတို့ကို မှီငြမ်းပြုထုတ်လုပ်ထားသည့်အပြင် ဈေးနှုန်းလည်း သက်သာသောကြောင့် ဈေးကွက်သို့ ထိုးဖောက်လာနိုင်ခြင်း ဖြစ်ပါသည်။ ဝမ်းတွင်းမြို့နယ်ထုတ် မြန်မာ့ပုဆိုးတို့သည် အရည်အသွေးအပေါ်မူတည်၍ ဈေးနှုန်းကျပ် ၂၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ရှိသော်လည်း တရုတ်ပုဆိုးတို့မှာမူ ကျပ် ၂၄၀၀ နှုန်းဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးနေခြင်း ဖြစ်ပါသည်။ သို့သော် တရုတ်ပုဆိုးတို့၏ အားနည်းချက်မှာ ရာနှုန်းပြည့် ချည်ထည်မဟုတ်ခြင်းပင် ဖြစ်ပါသည်။ ကျွမ်းကျင်သူတို့က တရုတ်ပုဆိုးတို့သည် နိုင်လွန် ၈၀ ရာခိုင်နှုန်းနှင့် ချည်သား ၂၀ ရာခိုင်နှုန်း ရောနှောထားသည်ဟု သုံးသပ်ကြပါသည်။ ဤဓာတုဗေဒချည်ဖြင့် ပြုလုပ်ထားသော တရုတ်ပုဆိုးတို့သည် ပူအိုက်ခြင်းနှင့်အတူ ချွေးထွက်များစေခြင်းကြောင့် အနံ့အသက်မကောင်းခြင်းကိုပါ ဖြစ်ပေါ်စေသည်ဟု ဆိုကြပါသည်။

မိုင်ပေါင်းများစွာကိုဖြတ်သန်း၍ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာသော တရုတ်ပုဆိုးတို့သည် အဘယ်ကြောင့် ဝမ်းတွင်းမြို့နယ်ထုတ် မြန်မာ့ပုဆိုးတို့ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိနေပါသနည်း။ ဝမ်းတွင်းမြို့နယ် ရက်ကန်းစက်ရုံတစ်ရုံ၏ တစ်ရက်ထုတ်လုပ်နိုင်စွမ်းသည် ပုဆိုး ၁၂ ကွင်းခန့်သာရှိသော်လည်း တရုတ်ရက်ကန်းစက်ရုံတို့သည် တစ်ရက်လျှင် ပုဆိုးအကွင်း ၁၀၀ ကျော် ထုတ်လုပ်နိုင်သည်ဟု ဆိုပါသည်။ ဝမ်းတွင်းမြို့နယ် ရက်ကန်းလုပ်ငန်းတို့က တရုတ်နိုင်ငံ ရက်ကန်းလုပ်ငန်းတို့နှင့် နှိုင်းယှဉ်ပါက နည်းပညာအရ များစွာအဆင့်နိမ့်နေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ မိုင်ပေါင်းများစွာကိုဖြတ်သန်း၍ ပြည်တွင်းဈေးကွက်အတွင်းသို့ ရောက်ရှိလာသော တရုတ်ပုဆိုးတို့ကို ဝမ်းတွင်းမြို့နယ် ရက်ကန်းလုပ်ငန်းတို့က ယှဉ်ပြိုင်နိုင်စွမ်း နည်းပါးနေခြင်းသည် ချည်ကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ဝါဂွမ်းထွက်သော်လည်း ကုန်ချော ချည်အလုံအလောက် ထုတ်လုပ်နိုင်စွမ်းမရှိ၍ ပြည်တွင်းထုတ် ဝါဂွမ်းတို့ကို တရုတ်နိုင်ငံသို့တင်ပို့၍ တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကုန်ချောချည်တို့ကို ပြန်လည်ဝယ်ယူ သုံးစွဲရပါသည်။

လွတ်လပ်စွာ ယှဉ်ပြိုင်မှုအပေါ်အခြေခံ၍ ဒေသတစ်ခုလုံးအား လွှမ်းခြုံသော ကျယ်ပြန့်သည့် ဈေးကွက်ဖန်တီးရေးကို ဦးတည်ဆောင်ရွက်နေသည့် ပစ္စုပ္ပန်ကာလ၌ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးဟူသော မူဝါဒသည် တိုင်းပြည်နှင့် လူမျိုးတို့၏ အကျိုးစီးပွားကို ဖန်တီးနိုင်မည်မဟုတ်ပါ။ ရက်ကန်းလုပ်ငန်းရှင်တို့နှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းတို့ ညှိနှိုင်းလက်တွဲလျက် နည်းပညာအဆင့်အတန်းမြှင့်တင်ရေးကို အလျင်အမြန် ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်တွင်းကုန်ချောချည် ထုတ်လုပ်နိုင်စွမ်းကို နိုင်ငံ၏လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်သည်အထိ ဦးတည်ချက်ထား ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အကောက်ခွန် လျှော့ချခြင်း အပါအဝင် ပြည်တွင်းရက်ကန်းလုပ်ငန်းတို့၏ ထုတ်လုပ်မှုစရိတ်ကို လျှော့ချစေမည့်နည်းလမ်းတို့ကို ရှာဖွေရမည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ပြည်တွင်းရက်ကန်းတို့၏ ကုန်ထုတ်အစွမ်းသတ္တိ မြှင့်တင်နိုင်ရေးအတွက် အမျိုးသား မဟာဗျူဟာတစ်ရပ် လိုအပ်နေပြီဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား စစ်တွေတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးတင့်နိုင်က ရခိုင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးများ ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ကာရံခြင်းအတွက် ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာတိုင်းရင်းသားများအား ၎င်းတို့၏ မူလနေရပ်သို့ ပြန်လည်ပို့ဆောင်ပေးမှုတို့ကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသခံတိုင်းရင်းသားများ၏ လုံခြုံရေးကို စနစ်တကျကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို မျက်ခြည်မပြတ်ရယူပြီး နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အား စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားများ အလုပ်အကိုင်ရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ထိရောက်စွာ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသူများ ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံသဘောတူညီချက်အတိုင်း သေချာစွာစိစစ်၍ လက်ခံရန်လိုပြီး ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအတိုင်း လိုက်နာရမည်ဖြစ်ကြောင်း၊ စာရင်းဇယားများ တိကျမှန်ကန်မှုရှိအောင် စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်၊ ရဲတပ်ဖွဲ့ ဌာနဆိုင်ရာ ဝန်ထမ်းများအားလုံး ပြည်သူနှင့် တစ်သားတည်းရှိကြရန် အရေးကြီးကြောင်း မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်။

## မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်

**ပြည် ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၏ ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို နိုဝင်ဘာလနောက်ဆုံးပတ်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လုပ်ငန်း စစ်ဆေးရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အေးအေးမော်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ မြောက်နဝင်းတမံသည် (ပြည်-အောင်လံ) ကားလမ်းဘေး ပြည်မြို့နယ် တီတွတ်စံပြကျေးရွာ၏ ၁၇ မိုင်အကွာတွင်တည်ရှိပြီး တမံတည်ဆောက်စဉ်က တီတွတ်ကျေးရွာမှ တမံအထိ ချဉ်းကပ်လမ်းကို အရှည် ၁၇ မိုင် အသုံးပြုခဲ့ပြီး ယခုအခါ ယင်းအရှည် ၁၇ မိုင်မှ ကျန်ရှိသောလမ်းအပိုင်း ၄ မိုင် ၃ ဖာလုံအား ဆက်လက်၍ အဆင့်မြှင့်တင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန် / ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂-၁၂-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၆၅/၇၅၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ ·၃ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ ·၈၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



❊ ရှေ့စာမျက်နှာမှ

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တနားနေမည့် ကူမင်းမြို့ Best Yuehang Hotel သို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chen Shun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာကောင်စစ်ဝန်ချုပ်၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ညနေ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။**
သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ Narita အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဂျပန်နိုင်ငံအောက်လွှတ်တော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ အတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးသက်ဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်



# The Fourth World Internet Conference တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့ ပေကျင်းသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည့် The Fourth World Internet Conference သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ပြည်သူ့ဆက်ဆံရေးဌာန ဌာနမှူး Mr. Qi Qi နှင့် ဒုတိယအတွင်းဝန် Mr. Wang Xiaofeng တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းရင်းသားရေးရာနှင့် ဘာသာရေးရာကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် Mr. Lu Xianbian ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားကဏ္ဍ မြှင့်တင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ဘာသာစကားများအား ဖြန့်ဝေနိုင်ရေး၊ မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကြား နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာ ရပ်တည်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**



❈ ကျောဖုံးမှ

ရေရရှိရေးဆောင်ရွက်သွားမည့် အစီအစဉ်၊ ကနဦးမြို့ပြနယ်မြေ တည်ဆောက်မည့် အစီအစဉ်နှင့် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပြန်လည်သုံးသပ်စဉ်းစားရမည့် လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းရုံသာမက အရှေ့တောင်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများအပါအဝင် နိုင်ငံအများစုကို အကျိုးပြုမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအတွက်လိုအပ်သည့် မြန်မာ-ထိုင်း နယ်စပ်သို့ ဆက်သွယ်သော နှစ်လမ်းသွားကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်၍ရသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ယခုစီမံကိန်းသည် ကုန်သွယ်ရေးအတွက်သာမက ခရီးသွားလုပ်ငန်းအတွက်ပါ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ နိုင်ငံအတွက်လည်း အရေးကြီးသည့် ကဏ္ဍတစ်ခုအဖြစ် ပါဝင်နေပါကြောင်း၊ စီမံကိန်းရှေ့ဆက်အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ-ထိုင်း -ဂျပန် တွေ့ဆုံဆွေးနွေးကာ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ စိတ်ရင်းစေတနာကောင်းများဖြင့် ဝိုင်းဝန်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် ထိုင်းနိုင်ငံနယ်စပ်နှင့် ၁၃၂ ကီလိုမီတာ၊ ဗန်ကောက်နှင့် ၃၀၀ ကီလိုမီတာ တွင်တည်ရှိပြီး GMS Southern Economic Corridor ဖြစ်သည့် ဗန်ကောက်- ဖနွမ်ပင်-ဟိုချီမင်းမြို့များနှင့် တစ်ဆက်တည်း ချိတ်ဆက်နိုင်ကြောင်း၊ အနောက်အာရှ၊ အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အာဖရိကဒေသများသို့ ချိတ်ဆက်နိုင်မည့်နေရာဖြစ်ပြီး မလက္ကာရေလက်ကြားအပြင် အခြားရွေးချယ်စရာ လမ်းကြောင်းအဖြစ် တည်ရှိကြောင်း၊ ထို့ပြင် သတ္တုနှင့်ရေလုပ်ငန်းစသည့် သဘာဝသယံဇာတအရင်းအမြစ်များကြွယ်ဝခြင်းနှင့် လုပ်အားခစျေးနှုန်းအရ အခြားနိုင်ငံများထက် ပိုပိုဆွဲဆောင်မှုရှိသည့်နေရာဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့အား ထားဝယ်ဟိုတယ်၌ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကောင်းစံဦးက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ဧည့်သည်ဝင်ရောက်မှု၊ တည်းခိုမှုနှင့် ဝင်ငွေရရှိမှု၊ ခရီးသွား ကုမ္ပဏီများ တိုးတက်လာမှု၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းနှင့် ဒေသဧည့်လမ်းညွှန်သင်တန်းဖွင့်လှစ်မှု၊ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလာလည်ပတ်နိုင်သည့် ထင်ရှားသည့်နေရာများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထားဝယ်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဌာန ၁၃ ခုမှ ဆောင်ရွက်ပေးနေသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မေတ္တာမြို့သို့ရောက်ရှိကြပြီး ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်း နယ်စပ်(ထီးခီး)ရွာအထိ ဆက်သွယ်သည့် နှစ်လမ်းသွားကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ဦးစောဆာပူးနှင့် ဦးစောတူးနားတို့အား တွေ့ဆုံနှုတ်ဆက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လောင်းလုံမြို့နယ်ရှိ မောင်းမကန်ကမ်းခြေသို့ ရောက်ရှိကြပြီး မောင်းမကန်ကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေကို ကြည့်ရှုလေ့လာသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထားဝယ်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

# ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက် အထိ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နယ်စပ်ကျေးရွာချင်းဆက် ကတ္တရာလမ်း လွယ်ပြား- နမ့်ပါ- ထာမော့ သုံးမိုင် ဆောင်ရွက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒီမော့ဆိုမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် လည်ပင်းကြေးကွင်းစွပ်သည့် ရိုးရာအစဉ်အလာ ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ကယန်း(ပဒေါင်) တိုင်းရင်းသားများ အခြေချနေထိုင်ရာ ပန်ပက်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၆ ရွာအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြေပြင်အောက် ကျောက်လိုဏ်ဂူပေ ၁၀၀ ခန့်အနက်ရှိ မြေအောက်ရေစီးချောင်းမှ မြေပေါ် ရေစုကန်သို့ စုပ်ယူ၍ အမြင့်တင်ရေတွန်းစက် နှစ်ဆင့်ဖြင့် ကုန်းမြင့်ရေစုကန်များသို့ တွန်းတင်နိုင်ရန် တပ်ဆင်ခြင်းနှင့် စက်ရုံများ တည်ဆောက်ခြင်း၊ ရေဖြန့်ဝေပိုက်လိုင်း ၁၃ မိုင် ငါးဖာလုံသွယ်တန်းခြင်း၊ ပင်မရေစုကန်များနှင့် ကျေးရွာသုံး ရေဝေကန် ၃၈ လုံး တည်ဆောက်ခြင်း၊ ရေစုပ်၊ ရေတွန်းစက်များအတွက် ထရန်စဖော်မာတပ်ဆင်ခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ကိုကြည့်ရှုစစ်ဆေးပြီး ကန်ပက် ကျေးရွာအုပ်စု ကယား၊ ရှမ်းပြည်နယ်ချင်းဆက် ကတ္တရာလမ်း (၆/၀) မိုင်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ခရီးစဉ်အတွင်းပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လောင်း)၊ (လွိုင်ကော်)၊ (ဘောလခဲ) ကျောင်းများသို့ သွားရောက်၍ ကျောင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် စားဖိုဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (လွိုင်ကော်)သို့ သွားရောက်ခဲ့ပြီး ကျောင်းအုပ်မှ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သင်တန်းသူများအားတွေ့ဆုံ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးထားသော အခြေခံစက်ချုပ် သင်တန်းတက်ရောက်ပြီး အဆင့်မြင့်စက်ချုပ် သင်တန်းများကို ဆက်လက်တက်ရောက်၍ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သလို အထည်ချုပ်စက်ရုံများ၊ ကုမ္ပဏီများတွင်လည်း ကျွမ်းကျင်ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်သဖြင့် သင်တန်းမှ သင်ကြားတတ်မြောက်သော ပညာရပ်များဖြင့် မိမိဘဝရပ်တည်နိုင်မာစွာ လျှောက်လှမ်းနိုင်ရေးအတွက် ကြိုးစားလေ့လာသင်ယူသွားကြရန် မှာကြားခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အဝတ်အထည်များ ချုပ်လုပ်ထားရှိမှုများနှင့် သင်တန်းကျောင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လွိုင်ကော်)သို့ သွားရောက်ခဲ့ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပြီး ဖယ်ခုံမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများနှင့် ဘောလခဲခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးသို့ သွားရောက်၍ ရုံးတည်ဆောက်ရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မယ်စဲ့မြို့နယ်၊ ဟိုစဲ့မြို့သစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ကတ္တရာလမ်း၊ ကျောက်လမ်းနှင့် သံကူကွန်ကရစ်တံတားများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီးနယ်စပ်ဒေသများ၌ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ပြီး ဝေးလံခေါင်းပါးသည့် ဒေသခံ တိုင်းရင်းသားလူမျိုးများအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာတည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် လျော်ညီသော၊ အရည်အသွေးအဆင့်အတန်းပြည့်မီသော တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဖြည့်ဆည်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးဝါးကုသခံယူနေကြသော ဒေသခံ တိုင်းရင်းသားများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ဆေးရုံ၏ လိုအပ်ချက်များအား ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပြီး မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုက်လတ်မြို့နယ် ကျေးရွာမြစိမ်းရောင်စီမံကိန်း တွေ့ဆုံဆွေးနွေး

**ကျိုက်လတ် ဒီဇင်ဘာ ၂-** ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်က ကျင်းပရာ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ ကျေးလက်ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းနှင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ ကျိုက်လတ်မြို့နယ်တွင် လက်ရှိ မြစိမ်းရောင်ကျေးရွာ ၆၇ ရွာ၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေကျပ် စုစုပေါင်းမှာ ၃၄၃ ဒသမ ၆၁၀၈၂ သန်း ရရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့ လှုပ်ရှားမှုပုံရိပ်များ




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသားအနုပညာရှင်များ ဖျော်ဖြေတင်ဆက်နေစဉ်။ သတင်းစဉ်



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားလှုပ်ရှားမှုအဖြစ် လူငယ်များ ခေါင်းအုံးရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်။ သတင်းစဉ်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့တွင် ပြခန်းများ၌ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်





လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်လာ ဧည့်ပရိသတ်များအား မသန်စွမ်းလူငယ်များက သီဆိုဖျော်ဖြေနေစဉ်။ သတင်းစဉ်

မျက်မမြင်လူငယ်များ စစ်တုရင်ပြိုင်ပွဲတွင် လက်ရည်စမ်း ယှဉ်ပြိုင်နေစဉ်။ သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ စာအုပ်ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ထားရာ စာပေချစ်မြတ်နိုးသူများ ဝယ်ယူအားပေးနေကြစဉ်။ သတင်းစဉ်






လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ Talk Show အစီအစဉ် ကျင်းပစဉ်။ သတင်းစဉ်

# မသန်စွမ်းသူများနှင့် အတူတကွ လှုပ်ရှားပေးကြပါ

PTK (PST)

နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားသည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်စွမ်းတို့ကို လူ့အဖွဲ့အစည်းအတွင်း သိရှိအလေးထားလာစေရန် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့တွင် အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပလျက်ရှိရာ ယခု ၂၀၁၇ ခုနှစ်တွင် ၂၄ ကြိမ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ခုနစ်ထောင်အနက် ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြပြီး ၄င်းတို့ထဲမှ ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိသည်။ မသန်စွမ်းသူများ၏ဘဝတွင် ခံစားတွေ့ကြုံနေရသည့် အခက်အခဲ အတားအဆီးများသည် ၄င်းတို့၏ "ချွတ်ယွင်းအားနည်းမှု"ကြောင့် မဟုတ်ဘဲ ၄င်းတို့ပတ်ဝန်းကျင်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အတားအဆီးများကြောင့်သာ ဖြစ်သည်။

သုတေသနတွေ့ရှိချက်များအရ မသန်စွမ်းမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက် သက်ဆိုင်နေသည့်အပြင် မသန်စွမ်းမှုနှင့် ဆင်းရဲနွမ်းပါးမှုသည်လည်း ဆက်နွှယ်မှုရှိကြောင်း တွေ့ရှိရသည်။ ဆင်းရဲမွဲတေမှုနှင့်အစာအာဟာရချို့တဲ့မှုနှုန်းတွင် မသန်စွမ်းသူများ၏အရေအတွက်မှာ အမြင့်ဆုံးဖြစ်ပြီး အရည်အသွေးနိမ့်ကျသော ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း နှစ်ဆကြုံတွေ့နေရသည်။ အချို့နိုင်ငံများတွင် မသန်စွမ်းသူများ၏ အလုပ်အကိုင်ရရှိမှု အရေအတွက်သည် ယင်းနိုင်ငံ လူဦးရေ၏ သုံးပုံ တစ်ပုံသာရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းကလေးသူငယ်များ၏ အခြေခံပညာ မူလတန်းအဆင့် တက်ရောက်သင်ကြားမှုနှုန်းနှင့် အခြားကလေးသူငယ်များ အကြားကွာဟမှုသည် ၁၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိသည်။

၂၁ ရာစုနှစ်အစမှ စတင်၍ မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ အရေးကိစ္စတို့ကို ကမ္ဘာတစ်ဝန်းတွင် ရှုထောင့်သစ်၊ အမြင်သစ်များနှင့်အတူ သိရှိနားလည်နိုင်ရန် ကြိုးစားခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံအပေါင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် အခြေခံကျသည့် "အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်နှင့် သာတူညီမျှခွင့်"တို့ကို ကာကွယ်မြှင့်တင်ရန် အခိုင်အမာ ပြောဆိုဆောင်ရွက်ခဲ့ကြသော်လည်း စိန်ခေါ်မှုများကား ကျန်ရှိနေဆဲပင်ဖြစ်သည်။

မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသည်းခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်းတို့ကြောင့် အထီးကျန်ဘဝကို ရောက်ခဲ့ရသည့် မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အထူးအာရုံစိုက်ရသည့် ကိစ္စတစ်ရပ် ဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် ၆၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities)ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန် ရည်ရွယ်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ လက်ရှိတွင် နည်းဥပဒေကို အတည်ပြုထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ဥပဒေ၊ နည်းဥပဒေတို့အပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၂၅)စသည့် အခြားမသန်စွမ်းမှုဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများ၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုတင်ကာကွယ်ရေး၊ ဖြေရှင်းဆောင်ရွက်ရေး၊ ပြန်လည် ထူထောင်ရေးစသည့် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး မြင့်မားတိုးတက်လာစေရန်အတွက် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု လုပ်ငန်းစဉ်များမှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ဥပဒေရေးရာ၊ မသန်စွမ်းမှုအသိပညာ၊ ရပ်ရွာအတွင်း ပါဝင်ဆောင်ရွက်ခွင့် စသည်တို့အတွက် လုပ်ငန်းအစီအစဉ်တို့ကိုလည်း နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (Early Childhood Intervention-ECI)(၂၀၁၇-၂၀၂၁)ကို ၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် ချမှတ်ခဲ့ပြီး ကနဦးစီမံကိန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျေးလက်၊ မြို့ပြနေရာ ကိုးခုတွင် ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ရန် ရွေးချယ်ထားပြီးဖြစ်ပါသည်။ သတ်မှတ်မြို့နယ်နှင့် နေရာများရှိ အသက် ငါးနှစ်အောက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးဖွယ်ရှိသည့် ကလေးအားလုံးကိုစစ်ဆေးပြီး လိုအပ်သူများအတွက် ၄င်းတို့၏မိသားစု ရပ်ရွာပတ်ဝန်းကျင်တွင် ဝန်ဆောင်မှုရရှိစေမည့် ECI၏ ပန်းတိုင်ကို ရောက်ရှိနိုင်ရန် အခြေခံအုတ်မြစ်အဖြစ် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့အပြင် မသန်စွမ်းသူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့သည့် သက်ဆိုင်ရာ သင်တန်းနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ပါဝင်ပြီး အများနည်းတူ အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန် အရေးပါသည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ပေါ်ထွက်လာစေရန်လည်း ဆောင်ရွက်လျက်ရှိသည်။




မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းရေး၊ မသန်စွမ်းသူများ၏ ပညာရေးအဆင့်အတန်း မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာနှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ ပတ်ဝန်းကျင် အသိုက်အဝန်းအတွင်း ဝင်ဆံ့မှုမြှင့်တင်ရေး၊ စွမ်းဆောင်နိုင်ရည်နှင့် စိတ်ဓာတ်ခွန်အားမြှင့်တင်ရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ရေး စသည်တို့အတွက် "မြန်မာနိုင်ငံ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၁၆-၂၀၂၂)"ကို ရေးဆွဲထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသနှင့် အာဆီယံဒေသတို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်ဖြစ်သည့် အင်ချွန်းမဟာဗျူဟာနှင့် အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများ ပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက်၊ အာဆီယံ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်(၂၀၁၁-၂၀၂၀)တို့ကိုလည်း ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုမဟုတ်ဘဲ မသန်စွမ်းမှုဆိုင်ရာ ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ၊ ဆရာ ဆရာမများ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအပေါ် ယခင်ကထားရှိသည့် မမှန်ကန် မသင့်လျော်သောခံယူချက်၊ အယူအဆ အတွေးအခေါ်ဟောင်း၊ စိတ်နေသဘောထား စသည်တို့ကို ဖယ်ရှားပြီး ရှုထောင့်သစ်၊ အမြင်သစ်နှင့် ရှုမြင်ပေးရန်လိုပါသည်။ မသန်စွမ်းသူများဆိုင်ရာ အရေးကိစ္စကို လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများနှင့်သာ သက်ဆိုင်သည်ဟု သတ်မှတ်ခြင်းမရှိဘဲ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ ခံနိုင်စွမ်းသော လူ့ဘောင်သို့ အားလုံးပါဝင်ပြောင်းလဲစို့" ဟူသည့် ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများနှင့်အတူ လက်တွဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များဆီသို့ တက်ညီလက်ညီ အရောက်လှမ်းကြဖို့ လိုအပ်ပါသည်။ မသန်စွမ်းသူများအတွက် လှုပ်ရှားသွားလာမှု ရရှိခံစားခွင့်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူရည်တူ ပါဝင်ခွင့်ပေးခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကြံ့ခိုင်သန်စွမ်းသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်နိုင်သူများဖြစ်ရန် ဝိုင်းဝန်းဖန်တီးပေးကြရမည် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် အဆင့်အားလုံးရှိ စတင်လုပ်ဆောင်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ဆောင်ရွက်ခြင်းတို့တွင် မသန်စွမ်းသူတို့ကိုပါ ထည့်သွင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဟန်ချက်ညီညီ ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ မသန်စွမ်းသူတို့၏ ဘဝသည်လည်း စိုပြည်လှပလာမည်ဖြစ်ပါသည်။

မသန်စွမ်းသူများအပေါ် ထားရှိသည့် လွဲမှားသော သဘောထား၊ ဝန်ဆောင်မှုလုပ်ငန်းများ ချို့တဲ့ခြင်း သို့မဟုတ် အလွယ်တကူရရှိနိုင်သော အခွင့်အလမ်းရှားပါးခြင်းနှင့် အခြားထိခိုက်နစ်နာစေသော လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးတို့ကို ဖယ်ရှားဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်လိမ့်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့မှစတင်ကာ မြန်မာ့လူ့အဖွဲ့အစည်းတွင် သာတူညီမျှသော၊ ရေရှည်ခိုင်မြဲသော၊ ကြံ့ခိုင်သန်စွမ်းသော၊ လူသားအားလုံး ပေါင်းစည်းပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် မသန်စွမ်းသူများနှင့် အတူတကွ လှုပ်ရှားဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**"မသန်စွမ်းသူများအပေါ် ယခင်က ထားရှိသည့် မမှန်ကန် မသင့်လျော်သောခံယူချက်၊ အယူအဆ အတွေးအခေါ်ဟောင်း၊ စိတ်နေသဘောထား စသည်တို့ကို ဖယ်ရှားပြီး ရှုထောင့်သစ်၊ အမြင်သစ်နှင့် ရှုမြင်ပေးရန်လိုပါသည်။ မသန်စွမ်းသူများဆိုင်ရာ အရေးကိစ္စကို လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများနှင့်သာ သက်ဆိုင်သည်ဟု သတ်မှတ်ခြင်းမရှိဘဲ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်"**




၂၀၁၆ ခုနှစ်က နေပြည်တော်၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပစဉ်။

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံ ကွန်ပျူတာသင်တန်းဖွင့်လှစ်

**မိုးကောင်း ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းကို ဒီဇင်ဘာ ၁ ရက်မှစ၍ မိုးကောင်းမြို့နတ်ကြီးကုန်းရပ်ကွက်၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လုက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ကွန်ပျူတာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းနည်းပြများက သင်တန်းကာလ တစ်လကြာ စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်**

# မြန်မာနိုင်ငံစာဆိုတော်နေ့တွင် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

၁၃၇၉ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းက သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း) က စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းနှင့် စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ဝိုင်းဝန်းလှူဒါန်းကြသော စေတနာရှင်အလှူရှင်များစာရင်းကို ဖတ်ကြားပြီး ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ကန်တော့ချီးဖြင့် တိုင်တည်ပေးကာ ဧည့်ပရိသတ်များက လက်အုပ်ချီမိုး ကန်တော့ကြသည်။



ထို့နောက် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် တာဝန်ရှိသူများက သက်ကြီးစာပေပညာရှင် ၂၁၆ ဦးအား အလှူငွေနှင့် ပစ္စည်းများအား စာပေပညာရှင်များထံ လက်ဝယ်အရောက် ပေးအပ်သည်။

ထို့နောက် ဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)က ကန်တော့ခံ သက်ကြီး စာပေပညာရှင်များ ကိုယ်စား ဩဝါဒစကား ပြောကြားသည်။

ယနေ့ပူဇော်ကန်တော့ပွဲတွင် နိုင်ငံတော်သမ္မတရုံးမှ လှူဒါန်းငွေကျပ် ၆၄၅၀၀၀၀၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ငွေကျပ် ၄၃၂၀၀၀၀၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၂၁၅၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာတင်ထွန်းဦး- ဒေါက်တာခင်မို့မို့ (စွယ်စုံမီဒီယာဂရု(ပ်)က ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာဦးလှမောင် ဖောင်ဒေးရှင်း (သံအမတ်ကြီး-ငြိမ်း)က ငွေကျပ် ၁၅ သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း (ငြိမ်း) -ဇနီး ဒေါ်သန်းသန်းနွဲ့ (မလေး-မုံရွာ) သားသမီး မြေးတစ်စုက ငွေကျပ် ၁၀ သိန်း စသဖြင့် ငွေသား အလှူရှင် ၁၂၂ ဦး က ငွေကျပ် ၃၂၉၈၂၀၀၀၊ ပစ္စည်းအလှူရှင် ၁၄ ဦးက ငွေကျပ် ၇၅ ၉၉၄၀၀ စုစုပေါင်းအလှူရှင် ၁၃၆ ဦးက ငွေနှင့် ပစ္စည်း အပါအဝင် ငွေကျပ် ၄၀၅၈၁၀၀၀၀ အပြင် ရွှေသံလွင်မီဒီယာဂရု(ပ်)က ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၁၆ ဦးအတွက် Sky Net ရုပ်၊ သံဖမ်းစက်တစ်လုံးစီ လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း) က လက်ခံသည်။

**သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲမှ ရင်တွင်းစကားသံများ



**ဦးမောင်မောင်စိုး (ရန်ကုန်မြို့တော်ဝန်)**



**ဒေါက်တာ သန်းဦး**



**ဦးဝင်းမောင် (မင်းယုဝေ)**



**ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)**



**ဒေါက်တာ ရီရီလှ (ယုဝတီခင်ဦး)**



**ဦးမောင်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း)**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာကြသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များနှင့် တာဝန်ရှိသူတို့၏ ရင်တွင်းစကားသံများကို မြန်မာ့သတင်းစဉ်မှ မေးမြန်းထားပါသည်။

**ဦးမောင်မောင်စိုး (ရန်ကုန်မြို့တော်ဝန်)**

ဒီလိုပွဲမျိုးက လုပ်သင့်လုပ်ထိုက်တဲ့ ပွဲပါ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တလေးတစားနဲ့ ကန်တော့တယ်။ လူကိုယ်တိုင်တော့ မလာနိုင်ဘူး၊ သို့သော်လည်း လှူဖွယ်ပစ္စည်းတွေ ကန်တော့တဲ့အတွက် ကြည်နူးရတယ်၊ ပြည်သူရယ်၊ တပ်မတော်ရယ်၊ စာပေရဲ့ အမိုးကြီးအောက်မှာ အတူတူရှိနေကြတယ်၊ စာတတ်ပေတတ် ပညာရပ်တော‌ထဲမှာ အတူတူရှိနေကြတယ်ဆိုတာ တကယ့် ကိုကြည်နူးစရာပါ။

လူတွေရဲ့ ကောင်းကျိုးကိုလုပ်ပါလို့ ကျွန်တော် အမြဲတမ်းပြောတယ်၊ ဒီလို ကောင်းကျိုးတွေ ဘယ်ကလာလဲဆိုရင် ဉာဏ်ကလာတယ်၊ ပညာရပ်က လာတယ်၊ ဉာဏ်ပညာရဲ့ ရေသောက်မြစ်က စာပေပဲ၊ စာပေမှ မတင့်တယ်ဘူးဆိုရင် လူမျိုးလည်း မမြင့်နိုင်ဘူး၊ ဒါ့ကြောင့် လူငယ်တွေအနေနဲ့ စာများများ ဖတ်စေချင်တယ်၊ စာဖတ်တဲ့အခါမှာလည်း လူတွေရဲ့ကောင်းကျိုးအတွက် မေတ္တာထားဖတ်စေချင်တယ်၊ စာဖတ်ပြီး မေတ္တာမထားနိုင်ရင် အလကားပဲ၊ မေတ္တာနဲ့ယှဉ်ပြီး စာဖတ်ကြရင် ကမ္ဘာလောကဟာ ငြိမ်းချမ်းပြီး မတိုးတက်နိုင်စရာ မရှိဘူး၊ ကျွန်တော်တို့ အခုဖြစ်နေတဲ့ ပြဿနာတွေက အဲဒီအပေါ်မှာ အရင်းခံတယ်၊ စာဘယ်လောက်တတ်တတ် မေတ္တာမထားနိုင်ဘူးဆိုရင် မအေးချမ်းနိုင်ဘူး၊ ဒါပေမယ့် စာများများဖတ်လို့ရှိရင် အတ္တက လျော့လျော့သွားတယ်၊ လူငယ်တွေ စာလည်းဖတ်ကြပါ၊ လူတွေရဲ့ကောင်းကျိုးကိုလည်း လုပ်ကြပါ၊ ဘယ်သူ့အတွက်ဖြစ်ဖြစ် မေတ္တာထားပြီးလုပ်ပေးမယ်ဆိုရင် တိုင်းပြည်တိုးတက်ပါမယ်၊ အဲဒီလို တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း စာပေက အဓိကအခြေခံပါတယ်။

**ဒေါက်တာသန်းဦး**

၁၉၅၀ လောက် ကတည်းက ရန်ကျော်တို့၊ လင်းယုန်တို့ လူထုတို့မှာ စာရေးခဲ့တာပါ၊ အခုထက်ထိလည်း ရေးတုန်းပါပဲ၊ စာရေးတဲ့သူတွေ ရေးဖော်ရေးဖက်ပုဂ္ဂိုလ်တွေ ပြန်ဆုံရတဲ့အတွက် ဝမ်းမြောက်ပါတယ်၊ စာပေပညာရှင်တွေကို အခုလို ကန်တော့ရတဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်၊ ကိုယ့်မျိုးဆက်သစ် စာရေးဆရာတွေကို တာဝန်လွှဲပြောင်းပေးချင်တယ်၊ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ ကြိုးစားပါလို့ ပြောချင်တယ်၊ တိုတိုပြောရရင် ကြိုးစား၊ ရိုးသား၊ နိုးကြားပါလို့ ပြောချင်တယ်၊ ရိုးရာယဉ်ကျေးမှု သမိုင်းအစဉ်အလာမပျက်၊ စာပေအစဉ်အလာမပျက်၊ ပညာအစဉ်အလာမပျက် သုံးခုကို ထိန်းပါလို့ ပြောချင်တယ်။ နိုင်ငံကြီးလည်း ငြိမ်းချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်၊ အခုလိုပွဲမျိုးလုပ်ပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ မျိုးဆက်သစ်တွေအနေနဲ့ စာပေကို များများဖတ်ပါ၊ ဗဟုသုတတွေ တိုးပွားလာပါမယ်လို့ ပြောချင်ပါတယ်။

**ဦးဝင်းမောင်(မင်းယုဝေ)**

အခုလို သက်ကြီးစာဆိုများကို ကန်တော့တယ်ဆိုတာ မြန်မာပြည် တစ်ပြည်ပဲ ရှိတာပါ၊ ကမ္ဘာမှာ မရှိပါဘူး၊ မြန်မာက ထူးထူးချွန်ချွန်လုပ်နိုင်တာကို ဂုဏ်ယူလို့ မဆုံးပါဘူး၊ မင်္ဂလာတရားတော်နဲ့အညီ ကန်တော့ကြတဲ့အတွက် မိမိထက် အသက်၊ ဝါကြီးတဲ့သူတွေကို ကန်တော့ခြင်းဟာ မြတ်စွာဘုရားမင်္ဂလာတရားတော်နဲ့ အလွန် ညီညွတ်ပါတယ်၊ ဗဟုသုတဆိုတဲ့ သုတစာပေတွေများနေတယ်၊ ရသစာပေ နည်းနေတယ်၊ ဒါ့ကြောင့် ရသစာပေတွေလည်း ရေးကြပါလို့ တိုက်တွန်းချင်ပါတယ်၊ လူငယ်တွေ စာဖတ်နည်းကြတယ်၊ စာတွေ များများ ဖတ်ကြပါ၊ လူတွေ စာဖတ်များ လာအောင် လှုံ့ဆော်ပေးကြပါ။

**ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)**

ကန်တော့ရတဲ့အတွက် အင်မတန်ဝမ်းသာ ကြည်နူးမှုဖြစ်ပါတယ်၊ ဆရာကြီးတွေကို ထိုက်ထိုက်တန်တန် ပူဇော်ကန်တော့ခံနိုင်အောင် အစွမ်းကုန်ကြိုးစားခဲ့တဲ့အတွက် အားလုံးပြည့်စုံအောင် ကန်တော့ခဲ့ပါတယ်၊ ကိုယ်တိုင်ကာယကံမြောက်လာပြီး ကန်တော့ချင်လို့ လာကန်တော့တာပါ၊ လူငယ်စာရေးဆရာတွေကို ပြောချင်တာကတော့ စာတွေ များများ ကိုယ်တိုင်လည်း ဖတ်ပါ၊ များများတွေးပြီးတော့ များများရေးပါ၊ ရေးသမျှလည်း လူများရဲ့ကောင်းကျိုးအတွက် စေတနာနဲ့ ရေးနိုင်တဲ့ စာကောင်းများ ဖြစ်ပါစေလို့ ပြောချင်ပါတယ်။

လူငယ်တွေ ဗဟုသုတ တိုးတက်ဖို့ စာများများဖတ်ပါလို့၊ စာတွေအများကြီးဖတ် ရင် ကိုယ့်ကိုယ်ကိုယ် မြင့်တင်ပြီးသားဖြစ်ပါတယ်၊ စာဖတ်ပြီး မြင့်လာရင် ကိုယ့်ပတ်ဝန်းကျင်က လူတွေကို စာဖတ်သူတွေဖြစ်အောင် မြှင့်တင် ကြိုးပမ်းပေးကြပါ၊ တိုင်းပြည်နဲ့လူမျိုးအတွက် လူငယ်တွေကောင်းကျိုးပြုပြီး အောင်မြင်ပါစေလို့ ပြောချင်ပါတယ်။

**ဒေါက်တာ ရီရီလှ (ယုဝတီခင်ဦး)**

ဒီကန်တော့ပွဲက နှစ်စဉ်ကျင်းပပါတယ်၊ တက်ရောက်ရတဲ့အတွက် ဝမ်းသာပါတယ်၊ စာရေးဆရာတွေ ပြန်လည်ဆုံတွေ့ရတယ်၊ မျိုးဆက်သစ်လူငယ်တွေ စာဖတ် ရမှာပေါ့၊ အခု စာပေပွဲတော်တွေလုပ်ပေးတာ သိပ်ဝမ်းသာတယ်၊ စာဖတ်မှ သူတို့လေးတွေရဲ့ အနာဂတ်တွေကောင်းမယ်၊ ထူးချွန်မယ့်လူ့အရင်းအမြစ်တွေဖြစ်မယ်၊ စာပေက အင်မတန်မှ အရေးကြီးတယ်၊ စာပေပွဲတော်တွေ၊ လူငယ်တွေ၊ လူရည်ချွန်တွေကို ပွဲတော်တွေ လုပ်ပေးခြင်းအားဖြင့် နိုင်ငံတော်ကြီး အစစအရာရာ တိုးတက်မှာပါ၊ ပညာအလိမ္မာ စာပေရှိမှ စာပေ၊ ယဉ်ကျေးမှု တိုးတက်မှာပါ။

**ဦးမောင်မောင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း)**

ဒီလို ကန်တော့တယ်ဆိုတာက မင်္ဂလာ တစ်ပါးပါပဲ၊ စာရေးဆရာတွေ တစ်နှစ် တစ်ခါတွေ့ဖို့ လုပ်ပေးတဲ့ တာဝန်ရှိသူတွေ၊ အလှူရှင်တွေအားလုံးကို ကျေးဇူးတင်တယ်၊ အရေးကြီးတာက လူငယ်တွေ စာဖတ်ဖို့ပဲ။ စာမဖတ်ရင် စာရေးတဲ့အခါမှာတောင် တန်ဖိုးမြင့်တဲ့ စာမဖြစ်နိုင်ဘူး။ စာများများဖတ်လေ တန်ဖိုးရှိလေပဲ။ ဒါ့ကြောင့် အားလုံးကို ပြောချင်တာက စာများများဖတ်ပါလို့၊ စာဖတ်ခြင်းအားဖြင့် ဘက်စုံတိုးတက်နိုင်မယ်၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌအနေနဲ့ စာမတတ်သူပပျောက်ရေး ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေတယ်၊ ကျေးရွာစာကြည့်တိုက်တွေဖွံ့ဖြိုးဖို့ အများကြီးလုပ်နေတယ်၊ မြို့ပြတင်မက ကျေးရွာက ပြည်သူတွေလည်း စာဖတ်ပြီး စာတတ်မှ တိုင်းပြည် တိုးတက်မယ်၊ မဟုတ်ရင် အလိမ်ခံနေရမယ်၊ ဒါ့ကြောင့် စာဖတ်ဖို့ကို အဓိက ဦးစားပေး ပြောချင်ပါတယ်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ညအပူချိန်များ အနည်းငယ်လျော့နည်း

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့ နံနက် ၉ နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုနှင့် နမ့်စန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့်လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

**မိုး/ဇလ**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ အစီအစဉ်တစ်ခုဖြစ်သည့် စုပေါင်းလမ်းလျှောက်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၂**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ အစီအစဉ်တစ်ခုဖြစ်သည့် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက အဆိုပါ ပွဲတော်ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်ဝင်း ဝင်ပေါက် အဓိပတိလမ်းထိပ်) မုခ်ဦးရှေ့၌ ကျင်းပသည်။



လမ်းလျှောက်ပွဲကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ အား/ကာ ကျောင်းများနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များ၊ အားကစားကို ချစ်မြတ်နိုးကြသူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

ရှေးဦးစွာ နံနက် ၅ နာရီခန့်တွင် ရန်ကုန်တက္ကသိုလ်ဝင်း ဝင်ပေါက် တက္ကသိုလ်ရိပ်သာလမ်း (အဓိပတိလမ်းထိပ်) တွင် စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင် ဆင်နွှဲကြမည့်သူများ စတင်စုဝေးကာ နံနက် ၆ နာရီတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စုပေါင်းလမ်းလျှောက်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာ မျိုးသိမ်းကြီးတို့ ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အထိမ်းအမှတ် တံဆိပ်ပါ တီရှပ်အင်္ကျီများကို ဝတ်ဆင်ကာ ပြည်လမ်း၊ အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ရန်ကုန်တက္ကသိုလ်ဝင်းကိုပတ်၍ လမ်းလျှောက်ကြသည်။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ အဓိပတိလမ်း (ပန်းဝင်နေရာ) သို့ ပြန်လည်ရောက်ရှိရာတွင် စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲကြသူများအား အအေး၊ မုန့်များဖြင့် ဧည့်ခံကျွေးမွေးကြသည့်အပြင် ဒီဇင်ဘာ ၂ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယင်းပွဲတော်တွင် စာပေဆိုင်ရာလှုပ်ရှားမှုများအဖြစ် လူငယ်ဆိုင်ရာစကားရည်လုပွဲ၊ ဟောပြောပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ လူငယ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများအပြင် လူငယ်အနုပညာရှင်များနှင့် တွေ့ဆုံစကားပြောခြင်း၊ နည်းပညာဆိုင်ရာများ ပြသခြင်း၊ ရှားပါးစာအုပ်များ ခင်းကျင်းပြသခြင်း၊ ထင်ရှားသောစာရေးဆရာကြီးများ၏ ဓာတ်ပုံများ ခင်းကျင်းပြသခြင်း၊ စာအုပ်ဈေး ရောင်းပွဲတော်၊ ကဗျာရွတ်ဆိုခြင်း၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများအဖြစ် အဆို၊ အက ဖျော်ဖြေမှုများ၊ မသန်စွမ်းသူများ၏ ဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုနှင့် ပန်းချီအနုပညာ၊ တူရိယာပစ္စည်းများ ပြသခြင်း၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများအဖြစ် အပန်းဖြေ အားကစားနည်းများ၊ အားကစားပြိုင်ပွဲများ ပါဝင်လျက်ရှိသည်။

ထို့ပြင် တက္ကသိုလ်များအလိုက် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြခန်းများ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြခန်းများခင်းကျင်းပြသမှုများအပြင် လူငယ်အသင်းအဖွဲ့များ၏ စားသောက်ဆိုင်ခန်းများဖွင့်လှစ်ကျင်းပကြမည်ဖြစ်ရာ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စုံညီစွာလှမ်းခဲ့သည့် ခြေလှမ်းများကြားမှ စကားသံများ

**"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသော နှိုးဆော်သံ သံစဉ်ကြားမှာ နံနက်ခင်းလမ်းလျှောက်ကြဖို့ စုဝေးနေသည့်လူထုကြီးက ရန်ကုန်တက္ကသိုလ်မုခ်ဦးရှေ့တွင် ပြည့်နှက်နေသည်။ ယနေ့သည် လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်အထိမ်းအမှတ် လမ်းလျှောက်ပွဲအဖြစ် ပြည်သူလူထု အားလုံးပါဝင်နိုင်သည့် လမ်းလျှောက်ပွဲတစ်ရပ်ကို ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီးများ ဦးဆောင်လျက် အားလုံးအတူတကွ လမ်းလျှောက်ကြရန် စုရုံးရောက်ရှိနေခြင်းဖြစ်သည်။**



ဒေါ်အိအိမော်



မခင်မေဦး



မောင်စည်သူဟိန်း



ဦးမျိုးလှိုင်

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ တောင်တက်အဖွဲ့ဝင်များနှင့် ပြည်သူအင်အား ၃၀၀၀ ကျော် ပါဝင်သော လူထုလမ်းလျှောက်ပွဲကြီးသည် နံနက် ၆နာရီတွင် တက္ကသိုလ်ရိပ်သာလမ်း(အဓိပတိ) လမ်းထိပ်မှ စတင်ထွက်လာခဲ့ပြီး ပြည်လမ်း၊ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဖြတ်ကျော်ကာ ရန်ကုန်တက္ကသိုလ်တွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

လူထုလမ်းလျှောက်ပွဲကြီးတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများနှင့် ကိုယ်တိုင် ပါဝင်ဆင်နွှဲရခြင်းအပေါ် ၎င်းတို့၏ ခံစားချက်များကို ပြန်လည်ဝေမျှရေးသားလိုက်သည်။

**ဒေါက်တာဖေမြင့်**
**ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန**

ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဆိုတာ လူငယ်တွေနဲ့ပတ်သက်တဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တွေလုပ်ပါတယ်။ လုပ်တဲ့အခါမှာ ပညာရေးနဲ့ပတ်သက်တာ၊ စာပေ၊ အနုပညာနဲ့ ပတ်သက်တာ အစုံလုပ်တယ်။ အားကစားနဲ့ ပတ်သက်တာတွေလည်းပါတယ်။ ဒီထဲမှာ လမ်းလျှောက်ပွဲကတော့ အမှတ်တရ အထိမ်းအမှတ်အနေနဲ့ ဆောင်ရွက်တဲ့ ပွဲတစ်ခုဖြစ်ပါတယ်။

အဓိပတိလမ်းထိပ်ကနေ စထွက်ပြီးတော့ ရန်ကုန်တက္ကသိုလ်ပင်မကို တစ်ပတ်ပတ်ပြီး လမ်းလျှောက်ကြမှာပါ။ စုပေါင်းလမ်းလျှောက်ကြတဲ့ အားကစားလှုပ်ရှားမှုတစ်ရပ်အနေနဲ့ ဆောင်ရွက်တာပါ။ လူငယ်တွေအနေနဲ့လည်း ဒီလို လမ်းလျှောက်ပွဲမှာ ပါဝင်လာတဲ့အတွက် စုပေါင်းပါဝင်ဆောင်ရွက်ချင်တဲ့ စိတ်ဓာတ်တွေရမယ်။ လမ်းလျှောက်ခြင်းဟာလည်း ကျန်းမာရေးအတွက် ကောင်းမွန်တဲ့ အလေ့အကျင့်တစ်ရပ်ကို တည်ဆောက်တာပဲ။ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးဖြစ်ပါတယ်။ လူငယ်တွေအတွက် ဗလငါးတန်ဖွံ့ဖြိုးဖို့ဆိုရင် ကာယဗလသည်လည်း ခွန်အားများထဲမှာ အရေးကြီးတဲ့အချက်တစ်ခုဖြစ်ပါတယ်။ မကျန်းမာ၊ မသန်စွမ်းရင် ဘယ်အလုပ်ကိုမဆို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဘူးပေါ့။ ဒီလိုပွဲတော်တွေကိုလည်း နှစ်စဉ်ကျင်းပဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ကျင်းပတဲ့အခါမှာလည်း အများပါဝင်တဲ့ ဒီလိုအစီအစဉ်မျိုးတွေ ပါပါလိမ့်မယ်။ အဲဒီအခါကျရင်လည်း ဒီလိုလမ်းလျှောက်ပွဲဟာလည်း ပါဝင်လာမှာပါ။

**ဒေါက်တာမျိုးသိမ်းကြီး**
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

ဒီနေ့က ဒီဇင်ဘာလ ၂ ရက်နေ့ဖြစ်တော့ ပုံမှန်လူထုလမ်းလျှောက်ပွဲနေ့လည်း ဖြစ်တယ်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အထိမ်းအမှတ်လမ်းလျှောက်ပွဲလည်း ဖြစ်တဲ့အတွက်ကြောင့်မို့ သမိုင်းဝင်တဲ့နေ့ တစ်နေ့ဖြစ်ပါတယ်။ ပြီးရင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်မှာ ကျင်းပခွင့်ရရှိခြင်းဟာ ရန်ကုန်တက္ကသိုလ်ရဲ့(၉၇) နှစ်မြောက် အထိမ်းအမှတ်ပွဲအခမ်းအနားနဲ့လည်း တိုက်ဆိုင်နေတဲ့အတွက်ကြောင့် ရန်ကုန်တက္ကသိုလ်ရဲ့အစဉ်အလာကြီးမားတဲ့ သမိုင်းကြောင်းမှာ အင်မတန်ကို ဂုဏ်အင်္ဂါပေါင်းမြောက်မြားစွာနဲ့ ထပ်ဆင့်ပြီးတော့မှ ပြည့်စုံတဲ့ အထိမ်းအမှတ်အခမ်းအနား ဖြစ်ပါတယ်။ ဒီအတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာမိပါတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီး ပညာရေးမှာရော၊ နိုင်ငံတော်အနေနဲ့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အများကြီး ဆက်လက်ရင်းနှီးမြှုပ်နှံသွားရမယ့်အထဲမှာ ဒီလိုအထိမ်းအမှတ် အခမ်းအနားဟာ ကျွန်တော်တို့အတွက် ကြည်နူးစရာကောင်းပါတယ်။ ဂုဏ်ယူစရာကောင်းပါတယ်။

**ဦးမျိုးမြင့်မောင်**
**အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန**

ဒီပွဲတော်ဟာ ဝန်ကြီးဌာနငါးခုနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ပူးပေါင်းပြီး လုပ်တဲ့ပွဲပါ။ နိုင်ငံတကာမှာလည်း လူငယ်တွေနဲ့ပတ်သက်ပြီး ပြုစုပျိုးထောင်တာတွေ ရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း သူ့အပိုင်းအလိုက် လုပ်ဆောင်နေတာရှိတယ်။ အရင်တုန်းကဆိုရင် ကျောင်းသားအားကစားပွဲတော်တွေရှိတယ်။ လူငယ်တွေ ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အနေနဲ့ပတ်သက်လို့ ကျွန်တော်တို့သိတဲ့မှတ်တမ်းအရ ပထမဆုံးအကြိမ်လုပ်တယ်လို့ ပြောနိုင်တာပေါ့။

ရည်ရွယ်ချက်က အဓိကက ဘာလဲဆိုတော့ တိုင်းပြည်ရဲ့အင်အားစုဟာ လူငယ်တွေဖြစ်တယ်။ ဒီလူငယ်တွေ တော်နေ၊ တတ်နေ၊ ထူးချွန်နေပြီး တိုင်းပြည်နဲ့လူမျိုးအကျိုးကို စွမ်းဆောင်နိုင်တဲ့ အနေအထားရဖို့ဆိုရင် သူတို့တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ဗလငါးတန်ဖွံ့ဖြိုးဖို့ကို လှုပ်နှိုးလိုက်တဲ့ ပွဲတစ်ခုပေါ့။ အစီအစဉ်တွေ အများကြီးရှိတယ်။ တစ်ဖက်မှာလည်း လူငယ်ရေးရာမူဝါဒတွေ ရေးဆွဲနေတာရှိတယ်။ လူငယ်ပြုစုပျိုးထောင်ရေးစီမံကိန်းတွေ လုပ်နေတာရှိတယ်။ ဒါလည်း ကဏ္ဍတစ်ခုအနေနဲ့ လုပ်တဲ့ပွဲပါ။ နောက်ထပ်လည်း ဒီထက်ကောင်းမွန်တဲ့ အစီအစဉ်တွေလုပ်ဖို့ရှိပါတယ်။ စုပေါင်းလမ်းလျှောက်တာကလည်း ကာယဗလမြှင့်တင်ရေးကို ဦးစားပေးသလို ဘက်စုံဖွံ့ဖြိုးရေးအတွက်လည်း အစိတ်အပိုင်းတစ်ခုပေါ့။ ပွဲတော်အထိမ်းအမှတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ လမ်းလျှောက်ကြတာပါ။

**ဦးမျိုးလှိုင်**
**ညွှန်ကြားရေးမှူးချုပ်(အားကစားနှင့် ကာယပညာဦးစီးဌာန)**

ဒီလူထုလမ်းလျှောက်ပွဲက လူငယ်တွေကို အဓိကထားပြီး ဆောင်ရွက်တဲ့ပွဲဖြစ်တယ်။ လူငယ်တွေကို လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးကို သိစေချင်တယ်လေ။ နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းက ကျန်းမာရေးအတွက် အထောက်အကူဖြစ်တယ်။ ဒါ့ကြောင့်လူငယ်တွေအနေနဲ့ လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးကိုသိပြီး တစ်ဖက်ကလည်း အားကစားကို စိတ်ဝင်စားလာဖို့နဲ့ နေ့စဉ် ကျန်းမာရေးလှုပ်ရှားဖို့အတွက်ကို ရည်ရွယ်ပါတယ်။ ဒီလိုလမ်းလျှောက်ပွဲတွေကို နှစ်စဉ်လုပ်ပေးဖို့လည်း အစီအစဉ်ရှိပါတယ်။ လူငယ်တွေအတွက်ကို အားလပ်တဲ့အချိန်ဖြစ်တဲ့ ကျောင်းပိတ်ရက်တွေ၊ ဒီဇင်ဘာလ ကာလတွေမှာ လုပ်ရင် တစ်နိုင်ငံလုံးအတိုင်းအတာမှာ ပိုပြီး နိုးနိုးကြားကြားနဲ့ တက်တက်ကြွကြွရှိလာမှာ ဖြစ်တဲ့အတွက် နှစ်စဉ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ဒါမှလည်း လူငယ်တွေ ပိုမိုပါဝင်လာခြင်းက အားကစားကဏ္ဍမှာ ပိုပြီးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်အိအိမော်(ကာယဆရာမ၊ အထကခွဲ၊ အလက-၆၊ လှိုင်)**

လမ်းလျှောက်ပွဲလုပ်တာ ကောင်းပါတယ်။ မနက်စောစော လမ်းလျှောက်တော့ တက်ကြွလန်းဆန်းတယ်။ ပြီးတော့ ဦးနှောက်လည်းပွင့်တယ်။ ဒီလမ်းလျှောက်ပွဲမှာ ပါဝင်ဖို့အတွက်လည်း ကလေးတွေက တက်ကြွမှုရှိကြပါတယ်။ လမ်းလျှောက်ပွဲက စုပေါင်းလုပ်တာဆိုတော့ စည်းစည်းလုံးလုံးရှိတယ်။ ဒီလိုပွဲတွေကို လအလိုက်လုပ်နိုင်ရင် ပိုကောင်းပါတယ်။ ကလေးတွေအတွက်လည်း မနက်စောစော ဒီလိုလမ်းလျှောက်တဲ့ အကျင့်လေးရသွားစေချင်တယ်။ အဲဒါမှ သူတို့ရဲ့ကာယတွေ၊ ဉာဏ်တွေ ဖွံ့ဖြိုးလာမှာပါ။ အဲဒါကြောင့် အားလုံးလမ်းလျှောက်တဲ့ လေ့ကျင့်ခန်းတွေ လုပ်ဖို့ တိုက်တွန်းချင်ပါတယ်။

**မောင်စည်သူဟိန်း (Grade-8(C)၊ အထက-၂၊ ကမာရွတ်)**

ဒီလိုလမ်းလျှောက်ပွဲကို ပါဝင်ရတဲ့အတွက် အလွန်ပျော်မိပါတယ်။ ပီတိလည်းဖြစ်မိတယ်။ နောက်လည်း ဒီလိုပွဲတွေရှိရင် ပါဝင်ချင်ပါတယ်။ လမ်းလျှောက်တာဟာ ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်။ ဦးနှောက် မှတ်ဉာဏ်လည်းကောင်းတယ်။ ဒီလိုလမ်းလျှောက်တာကလည်း အဖွဲ့လိုက်ဆို ပျော်ဖို့လည်း ကောင်းပါတယ်။ အဲဒါကြောင့် လူတွေအားလုံးလည်း စောစောစီးစီး လမ်းလျှောက်တဲ့ အလေ့အကျင့်ကို ဖြစ်စေချင်ပါတယ်။

**မခင်မေဦး(Grade-9(F)၊ အထက-၂၊ ကမာရွတ်)**

သမီးတို့ကျောင်းကနေပြီး ကြိုက်တဲ့သူလိုက်လို့ရတယ်ဆိုတော့ သမီးကလည်း လမ်းလျှောက်တာ ဝါသနာပါလို့ လိုက်ဖြစ်တာပါ။ မနက်စောစော လမ်းလျှောက်တဲ့အတွက် ဦးနှောက်တွေဟာ လှုပ်ရှားလာတယ်။ စာတစ်ပုဒ်ကို မြန်မြန်ဆန်ဆန်ကျက်နိုင်တယ်။ သမီးက အိမ်မှာလည်း လေ့ကျင့်ခန်းတွေ ပုံမှန်လုပ်ဖြစ်ပါတယ်။ ဒီလိုလမ်းလျှောက်ပွဲမှာ လူတွေကလည်း အများကြီးပဲဆိုတော့ ကျန်းမာရေးအတွက်လည်း ကောင်းသလို စုပေါင်းလုပ်ရတဲ့အတွက် ပျော်ရွှင်ဖို့လည်း ကောင်းပါတယ်။ နောက်လည်း ဒီလိုပွဲတွေ ကျင်းပနိုင်ပါစေ။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ၊ ဇာနည်မောင်၊**
**ဓာတ်ပုံ-အေးမင်းသူ**

# အစိပတိလမ်းမထက်က လူငယ်ဆိုင်ရာ အသိပညာပေးစကားသံများ

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့တွင် RC ခန်းမ၌ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ ပရဟိတအဖွဲ့၏ "နိဂုံးမဲ့ပန်းကလေးများ၊ လိုအပ်နေသော မေတ္တာတရားနှင့် စာနာပေးပါ" ပြဇာတ်၊ အခရာအမျိုးသမီးအဖွဲ့၏ "လူငယ်လိင်မှုရေးရာနှင့်တန်ဖိုး" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့၏ "မိသားစုရင်ခွင်မှာ ရှင်သန်ခွင့်ပေးပါ" ဉာဏ်စမ်းပဟေဠိ အစီအစဉ်များနှင့် လူငယ်ဆိုင်ရာအသိ ပညာပေး အစီအစဉ်များကို ကျင်းပခဲ့သည်။

အဆိုပါ အစီအစဉ်များတွင် ပါဝင်သူများကို မြန်မာ့သတင်းစဉ်ကယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်-

**ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ**

သက်ငယ်မုဒိမ်းမှုတွေ ပပျောက်ဖို့၊ စွန့်ပစ်ခံကလေးတွေ လျော့ကျဖို့နဲ့ ပတ်သက်ပြီး ကူညီပေးတာပါ၊ ပြဇာတ်တိုလေးတွေ၊ တေးသရုပ်ဖော်တွေလည်း စီစဉ်ထားပါတယ်၊ သက်ငယ်မုဒိမ်းမှုဘာကြောင့်ဖြစ်တာလဲဆိုတာ အသိပညာပေးချင်တာပါ၊ ရုပ်သံတွေ၊ ဂျာနယ်၊ သတင်းစာတွေမှာ အမြဲတမ်းလည်း ပညာပေးနေပါတယ်၊ ဒါကြောင့် လေ့လာပါ၊ ဒီပွဲမှာ လာရောက်လေ့လာပြီး အသိပညာတွေကို အခြားသူငယ်ချင်းတွေကို ပြန်ပြီးမျှဝေပေးပါ၊ အဓိကက သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် လှုံ့ဆော်ပေးတာပါ၊ ဒီနေ့ပြဇာတ်ဆိုရင် မိန်းကလေးအများစု ဖျက်ဆီးခံရတဲ့ အကြောင်းရင်းကို အခြေခံပြီး တင်ဆက်ပြသခြင်းဖြစ်ပါတယ်၊ အခုလို နိုင်ငံတော်အဆင့် ပြုလုပ်တဲ့ပွဲမှာ ရုပ်ရှင်မင်းသမီးတစ်ဦးအနေနဲ့ရော ပရဟိတဆောင်ရွက်နေသူတစ်ဦးအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်၊ ဒီပွဲတော်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုတော့ အလွန်ကောင်းပါတယ်၊ ဒီပွဲကို လာရောက်ခြင်းအားဖြင့် ကလေးတွေ စိတ်ဓာတ်ခွန်အား တက်ကြွလာမယ်၊ တစ်ဦးနဲ့တစ်ဦး ရင်းနှီးမှုတွေ ရရှိတာကြောင့် လူငယ်တိုင်း လာရောက်သင့်ပါတယ်။

**ဒေါ်ထားထား**

**(အခရာအမျိုးသမီးအဖွဲ့တည်ထောင်သူ)**

ကျွန်မတို့အဖွဲ့က အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေကို အကြမ်းဖက်မှုက တားဆီးကာကွယ်ရေး လုပ်ငန်းတွေကိုဆောင်ရွက်နေပါတယ်၊ ဒီနေ့ပွဲတော်မှာ ပြခန်းတွေအနေနဲ့ အမျိုးသမီးရေးရာ၊ အမျိုးသမီးများ ကွန်ရက်(မြန်မာ) နဲ့ ရုပ်ရှင်မင်းသမီးခိုင်နှင်းဝေတို့ အဖွဲ့နဲ့ ပူးပေါင်းပြီး ပြခန်းလာရောက်သူတွေအတွက် စကားဝိုင်းတွေ ပြုလုပ်ပေးနေပါတယ်၊ လာတဲ့သူတွေ ပညာရသွားအောင်ပါ။

**ဒေါက်တာပြုံးမိုအိ**

**(မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ဝင်)**

ဒီပွဲမှာလူငယ်တွေကို အသိပညာပေးချင်လို့ ပြခန်းတွေပါဝင်ပြသပါတယ်၊ ဉာဏ်စမ်းတွေ၊ တစ်ခန်းရပ်ပြဇာတ်တွေလည်း ပါဝင်ကပြတယ်၊ အဓိကက မလိုလားအပ်တဲ့ ကိုယ်ဝန်ရပြီး မွေးဖွားပြီးတဲ့နောက် ကလေးတွေကို စွန့်ပစ်ကြတယ်၊ ကျွန်မတို့အနေနဲ့ကတော့ ကလေးတိုင်း ကလေးတိုင်းဟာ မိဘရင်ခွင်မှာပဲ ကြီးပြင်းစေချင်ပါတယ်၊ ကလေးတွေဆိုတာ တစ်ချိန်မှာ အနာဂတ်နိုင်ငံကို ခေါင်းဆောင်မယ့်သူတွေဆိုတော့ သူတို့ကို စိတ်ဒဏ်ရာနဲ့ ဘဝကို မစစေချင်ဘူး၊ ဒီလိုမလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုဖြစ်တာတွေကို ကာကွယ်တားဆီးနိုင်ရင် ကလေးတွေ စွန့်ပစ်တာတွေကို တားဆီးကာကွယ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဒီလိုဖြစ်စဉ်တွေ လူငယ်တွေပတ်ဝန်းကျင်မှာ အဖြစ်များတာကြောင့် ဆင်ခြင်သတိရှိသွားတဲ့အခါ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်မှုတွေ မရှိတော့ဘဲ ကလေးစွန့်ပစ်ရတဲ့ အဖြစ်ကို မရောက်တော့ဘူးလို့ ယူဆပါတယ်၊ ဒီပွဲတော်မှာ အသိပညာတွေ ပေးတယ်၊ လက်ကမ်းစာစောင်တွေ မျှဝေပေးတယ်၊ ပညာပေးအစီအစဉ်ဖြစ်တဲ့ ဉာဏ်စမ်းပဟေဠိတွေကို ဖတ်ပြီးဖြေဆိုနိုင်တယ်၊ မှန်ရင် လက်ဆောင်ပစ္စည်းတွေ ပေးတယ်၊ ဒီလိုနဲ့ အသိပညာတစ်ခုခုရရှိသွားပြီး သားဆက်ခြားတဲ့ နည်းလမ်းတွေကို သိသွားမယ်၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်တွေအများကြီး လာရောက်ကြတဲ့အတွက် ကျွန်မအနေနဲ့ အားတက်မိပါတယ်၊ လူငယ်တွေဆိုတာ တစ်နေရာတည်းမှာ ထူးချွန်နေလို့ မရပါဘူး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အကျင့်စာရိတ္တ အထိထူးချွန်မှ ဖြစ်မှာပါ၊ ဒါမှ အခွင့်အလမ်းတွေ တိုးတက်လာပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အောင်မြင်တဲ့ နိုင်ငံတော်ကြီးတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဝင်းဝင်းမော်၊ မြတ်စန္ဒီ ၊ ဓာတ်ပုံ- ရဲထွဋ်**



ခိုင်နှင်းဝေ
ရုပ်ရှင်သရုပ်ဆောင်



ဒေါ်ထားထား
(အခရာအမျိုးသမီးအဖွဲ့တည်ထောင်သူ)



ဒေါက်တာပြုံးမိုအိ
(မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်း မှ ကာကွယ်တားဆီးရေးအဖွဲ့ဝင်)

# အလုပ်တိုင်းမှာ အခက်အခဲဆိုတာ ရှိတာမို့ ဘယ်လိုအခက်အခဲဖြစ်စေ ရင်ဆိုင်နိုင်ပါစေ

**လူငယ်အဆိုတော် အောင်ထက်**

ရန်ကုန်တက္ကသိုလ် RC ခန်းမတွင် လူငယ်အများစုက စင်မြင့်ထက်မှ ဦးဆောင်ဆွေးနွေးသူများ၏ ဆွေးနွေးမှုများအပေါ် စိတ်ပါဝင်စားစွာ စီးမြောနေကြသည်။

"ဒီပွဲမှာ လူကြီးတွေထက် လူငယ်တွေက ပိုများတယ်၊ စိတ်ဝင်တစားနဲ့ လာရောက်တဲ့ လူငယ်အများကြီးရှိတာကိုပဲ ကျွန်တော် ပျော်ရွှင်မိပါတယ်၊"

အဆိုပါစကားကို ပြောကြားသူကတော့ အိမ်မက်ဆုံရာ ရာသက်ပန် အစီအစဉ်ဖြင့် တစ်ရှိန်ထိုးနာမည်ကျော်ကြားလာခဲ့သည့် လူငယ်အဆိုတော် အောင်ထက် ဖြစ်သည်။

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် လူငယ်ဆိုင်ရာ ဆွေးနွေးပွဲအဖြစ် လူငယ်အဆိုတော် အောင်ထက်နှင့် စာရေးဆရာမ ပုညခင်တို့က အနုပညာလိုက်စားခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

"ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ကိုယ်တိုင်ရှာဖွေဖို့ ကြိုးစားနေတဲ့ လူငယ်တွေလည်း အများကြီးရှိမှာပါ၊ အချို့ကတော့ မတွေ့သေးလို့ပါ၊ ဒီပွဲမှာ ညီမလေး တစ်ယောက်က ပါဝင်ဆွေးနွေးလို့ ကျွန်တော်ပြောပြခဲ့တယ်၊ ဝါသနာမပါဘူးဆိုပေမယ့်လည်း ကိုယ့်ဘဝအတွက် လုပ်သင့်တဲ့ အလုပ်တစ်ခုကို လုပ်ဖြစ်ကြမှာပါ၊ လုပ်ရင်းနဲ့ ဝါသနာမပါဘူးဆိုရင်တောင် စိတ်ပါလက်ပါ တည်ဆောက်ရမယ့် ဘဝတစ်ခုဖြစ်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"ဟု လူငယ်အဆိုတော် အောင်ထက်က ဆိုသည်။

ယနေ့ပွဲတွင် အပြန်အလှန် ပါဝင်ဆွေးနွေးသူများကြောင့် မိမိကိုယ်တိုင်လည်း မသိနိုင်သည့်အရာများကို သိခဲ့ရသည်ဟုလည်း ၎င်းက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ မနီလာခိုင်က "ကျွန်မ ၁၀ နှစ်အရွယ်လောက်က အမြင်အာရုံချို့ယွင်းခဲ့ပါတယ်၊ ဖြစ်စအချိန်မှာ စိတ်ဓာတ်တွေကျဆင်းခဲ့တယ်၊ အိမ်က မိသားစုဝင်တွေက အားပေးတဲ့အတွက် ခွန်အားသစ်တွေ ရရှိခဲ့တယ်၊ သီချင်းတွေ နားထောင်တဲ့အခါ စိတ်တွေ ကြည်နူးလာတယ်၊ ဒီအချိန်မှာ သင်ယူမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ရရှိလာခဲ့ပြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်းကို ရောက်ရှိခဲ့ပါတယ်၊ ဒီမျက်မမြင်ကျောင်းက တက္ကသိုလ်အထိ တက်ပြီး ဘွဲ့ရရှိခဲ့တယ်၊ ကျောင်းတက်နေချိန်မှာ စာရေးဆရာတွေ ရေးသားခဲ့တဲ့ စာပေတွေကို လေ့လာခွင့်၊ ခံစားခွင့်ရခဲ့တယ်၊ ဒါကြောင့် စာရေးဆရာတွေ၊ အဆိုတော်တွေက အားဖြစ်စေခဲ့ပါတယ်၊ အနုပညာဆိုတာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်အတွက် အားဆေးတစ်ခွက်ဆိုလည်း မမှားပါဘူး၊ လူတစ်ဦးချင်းစီမှာ စွမ်းရည်တွေ ရှိတဲ့အကြောင်းကိုလည်း သိခွင့်ရတယ်၊ ခြေလက်အင်္ဂါချို့ယွင်းတာ၊ မျက်စိမမြင်ပေမယ့်လည်း ခိုင်မာတဲ့စိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်မယ်ဆိုရင် ကြိုးစားတဲ့ အခွင့်အရေးကို ရရှိနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။



အောင်ထက်

လူငယ်အဆိုတော် အောင်ထက်က အနုပညာလမ်းပေါ် မလျှောက်လှမ်းမီ အလုပ်တစ်ဖက်နှင့် မိမိဝါသနာပါရာ၌ မဆုတ်မနစ် ကြိုးစားမှုများကို ဆွေးနွေးပွဲတွင် မျှဝေခဲ့ပြီး "လူငယ်တွေ ကိုယ့်အနာဂတ်ကို ကိုယ်စွမ်းကိုယ်စနဲ့ တည်ဆောက်နိုင်ဖို့ လိုပါတယ်၊ အလုပ်တိုင်းမှာ အခက်အခဲဆိုတာ ရှိတာမို့ ဘယ်လို အခက်အခဲဖြစ်စေ ရင်ဆိုင်နိုင်ပါစေ၊ ကိုယ်ဖြစ်ချင်တဲ့ အလုပ်အပေါ်မှာ အကောင်းဆုံး ကြိုးစားပြီး အောင်မြင်မှုတွေရရှိပါစေလို့ ဆုတောင်းပေးချင်ပါတယ် "ဟု ပြောသည်။

**နန္ဒာဝင်း၊ မြတ်စန္ဒီ၊ ဓာတ်ပုံ- ရဲထွဋ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ၊ လူငယ်များသာမက ကလေးများရော လူကြီးများပါ လာရောက်အားပေး

**ရန်ကုန် ဒီဇင်ဘာ ၂**

"ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွဲပျော်စို့ " ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့ကို ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းဆက်လက်ကျင်းပရာ ယနေ့သည် အများပြည်သူရုံးပိတ်ရက် စနေနေ့ဖြစ်သည့်အားလျော်စွာ ပွဲတော်သို့ လူငယ်အများအပြား တပျော်တပါးလာရောက်ပါဝင်ဆင်နွှဲကြသည်။

အားကစားဆိုင်ရာ လှုပ်ရှားမှုများကို နံနက် ၆ နာရီမှ စတင်၍ စုပေါင်းလမ်းလျှောက်ပွဲဖြင့် ဖွင့်လှစ်ခဲ့ပြီး စစ်ကိုင်းဆောင်နှင့် ပဲခူးဆောင်ရှေ့၌ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ သုံးချောင်းထောက်ပြေးပြိုင်ပွဲနှင့် ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲတို့ကို သက်ဆိုင်ရာ အားကစားနည်းများအလိုက် ဆက်လက်ပြုလုပ်သည်။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌လည်း အမှတ်တရဓာတ်ပုံရိုက်ကူးသူများ အထူးစည်ကားခဲ့သလို သစ်ပုပ်ပင်အနီးတွင် စာအုပ်ဈေးရောင်းပွဲတော်၊ ရှားပါးစာအုပ်များ ခင်းကျင်းပြသခြင်း၊ ထင်ရှားသော စာရေးဆရာကြီးများ၏ ဓာတ်ပုံများ ခင်းကျင်းပြသခြင်းနှင့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များ၏ ဖျော်ဖြေခြင်းများကို ကဏ္ဍအလိုက် ကျင်းပခဲ့ပြီး သိပ္ပံခန်းမရှေ့ရှိ ကဗျာရွတ်ဆိုပြိုင်ပွဲသည်လည်း လူငယ် ကျောင်းသား၊ ကျောင်းသူများအတွက် စိတ်ဝင်စားစရာဖြစ်ခဲ့သည်။

ထို့ပြင် RC ခန်းမ၌ အခရာအမျိုးသမီးအဖွဲ့၏ "လူငယ်လိင်မှုရေးရာနှင့်တန်ဖိုး" ဆွေးနွေးပွဲနှင့် ပြဇာတ်ဖျော်ဖြေမှုများ၊ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေ ပရဟိတအဖွဲ့၏ "နိဂုံးမဲ့ပန်းကလေးများ၊ လိုအပ်နေသော မေတ္တာတရားနှင့် စာနာပေးပါ" ပြဇာတ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့၏ "မိသားစုရင်ခွင်မှာ ရှင်သန်ခွင့်ပေးပါ" ဉာဏ်စမ်းပဟေဠိ အစီအစဉ်များနှင့် လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များကိုလည်း လူငယ် ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်တစားပါဝင်အားပေးကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် စီးပွားရေးတက္ကသိုလ် ပင်လုံဆောင်၊ နီလာရတုခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် RC ခန်းမ၌ လူငယ်အဆိုတော် အောင်ထက်နှင့် စာရေးဆရာမ ပုညခင်တို့က"အနုပညာ လိုက်စားလူငယ်များ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲများကို ကျင်းပခဲ့ရာ လူငယ် ထုများက ခန်းမပြည့်သည်အထိ စိတ်ဝင်တစားတက်ရောက်ပြီး ပါဝင်ဆွေးနွေးခဲ့ကြသည်။

အနုပညာဆိုင်ရာ လှုပ်ရှားမှုများအဖြစ် ဝိဇ္ဇာခန်းမရှေ့နှင့် ဝိဇ္ဇာခန်းမအတွင်း၌ ကချင်တိုင်းရင်းသားရိုးရာအက၊

*စာမျက်နှာ ၁၂ သို့*

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ်ပါမောက္ခများ၏ စကားသံများ

**တွေ့ဆုံမေးမြန်း- နန္ဒာဝင်း ၊ ဓာတ်ပုံ- ရဲထွန့်**

*ယမန်နေ့မှအဆက်*

**ဒေါက်တာထွန်းကို**

**(ပါမောက္ခဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်တို့ဌာနအနေနဲ့ လက်ရှိသင်ကြားပေးနေတဲ့ ဘာသာရပ်က ဝိဇ္ဇာဘွဲ့ (ပထဝီ)ဖြစ်ပါတယ်၊ အခု ၂၀၁၇-၁၈ ပညာသင်နှစ်မှာတော့ အသစ်ဖွင့်လှစ်မယ့် Bachelor of Environmental Study ဆိုတဲ့ ဘာသာရပ်နဲ့ ပုံမှန်မဟာဘွဲ့နဲ့ ပါရဂူဘွဲ့ သင်တန်းတွေလည်း သင်ကြားပေးနေ ပါတယ်၊ အခုကတော့ ဒီပလိုမာသင်တန်းတစ်ခုကိုလည်း ဖွင့်လှစ်ထားပါတယ်၊ ပထဝီဝင်ဘာသာရပ်အတွက်က တက္ကသိုလ်ဝင်တန်းရမှတ် ၃၆၅ မှတ် ၊ အင်္ဂလိပ်စာ ရမှတ် ၆၀ သတ်မှတ်ထားပါတယ်၊ Environmental Study အနေနဲ့ တက္ကသိုလ်ဝင်တန်းရမှတ် ၃၈၈ မှတ်၊ အင်္ဂလိပ်စာ ၆၅ မှတ် သတ်မှတ်ထားပြီး ကျောင်းသားဦးရေ ၅၀ စီ လက်ခံထားပါတယ်၊ ပထဝီဝင်ဘာသာရပ်ကိုက လူထုကို Special Thinking ပေးချင်တဲ့ ဘာသာရပ်ပါ၊ တစ်နည်းအားဖြင့် ကမ္ဘာမြေပြင်မှာရှိနေတဲ့ တည်နေရာတွေရဲ့အရေးပါမှုပေါ် မူတည်ပြီး လူမှုအကျိုးစီးပွားကို ဆောင်ရွက်ရတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် လူနဲ့ သဘာဝပတ်ဝန်းကျင်ဆက်စပ်မှုကို အဓိက လေ့လာတာပါ၊ ကမ္ဘာမြေပြင်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေဟာ ဒီဘာသာရပ်ရဲ့နည်းပညာ၊ အတွေးအခေါ်တွေကို လက်တွေ့အသုံးချလို့ရပါတယ်၊ Environmental Study ကတော့ အခုနောက်ပိုင်းမှာမှ ခေတ်စားလာတဲ့ ဘာသာရပ်တစ်ခုပါ၊ Environmental Studyနဲ့ ဘွဲ့ရလာပြီး လေ့ကျင့်သင်ကြားပေးလိုက်တဲ့ ကျောင်းသား၊ကျောင်းသူတွေသည် အစိုးရ နဲ့ ပုဂ္ဂလိက လုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာပါ အမြဲတမ်းအသုံးတည့်နေမှာပါ၊ တစ်နည်းအားဖြင့် လူထုကြားမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမယ်ဆိုတဲ့ အသိပညာကိုပေးပြီး ဆောင်ရွက်ရမယ့် နည်းလမ်းတွေနဲ့ အနာဂတ်မှာ ရေရှည်တည်တံ့တဲ့ ပတ်ဝန်းကျင်တစ်ခု တည်ဆောက်နိုင်ဖို့အတွက် ဒီဘာသာရပ်က လေ့ကျင့်သင်ကြားပေးပါတယ်၊ ဒီပထဝီဘာသာရပ်က Special Thinking ပေးပြီး ၊ Environmental Study က ကမ္ဘာမြေပြင်ရဲ့ သဘာဝဆက်စပ်ပြောင်းလဲမှု အခြေအနေတွေကို သင်ကြားပေးပါတယ်၊ ဒီနှစ်ခုကိုပေါင်းစပ်လိုက်ရင် ရရှိလာမှာက Regional Development ပါ၊ ကျွန်တော်တို့ နေထိုင်ရာကမ္ဘာမြေကြီး စဉ်ဆက်မပြတ် ရှင်သန်နေထိုင်ဖို့အတွက် ဒီဘာသာရပ်နှစ်ခုကို အချိုးညီစွာ ပေါင်းစပ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့လူမှုဘဝတွေသည် အမြဲတမ်းစိမ်းလန်းပြီး ရေရှည်တည်တံ့နေမှာပါ။

**ဒေါက်တာစံရွှေ**

**(ပါမောက္ခ ဌာနမှူး၊ ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်တို့ ဘာသာရပ်ကို တက်ရောက်ချင်တယ်ဆိုရင် တက္ကသိုလ်ဝင်တန်းရမှတ် ၃၈၀ ၊ အင်္ဂလိပ်စာ ရမှတ် ၆၀ သတ်မှတ်ထားပြီး ကျောင်းသားဦးရေ ၅၀ လက်ခံသင်ကြားပါတယ်၊ ဘွဲ့ရပြီးသွားတဲ့ ကျောင်းသားအများစုက တက္ကသိုလ်မှာ ဆရာအဖြစ် အလုပ်ပြန်ဝင်နေကြသလို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလို ဝန်ကြီးဌာနတွေမှာ အလုပ်ဝင်ကြတာများပါတယ်၊ တချို့ကလည်း ဧည့်လမ်းညွှန်တွေအဖြစ် လုပ်ကိုင်နေကြပါတယ်၊ ဒီဘာသာရပ်က အင်မတန်စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ကျွန်တော်တို့ နိုင်ငံကလည်း ရှေးဟောင်းအမွေအနှစ်တွေ ပေါများတဲ့ နိုင်ငံဖြစ်ပါတယ်၊ အမွေအနှစ်တွေကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရမယ့် တာဝန်ရှိပါတယ်၊ ကျွန်တော်တို့ဘာသာရပ်က ရှေးဟောင်းအမွေအနှစ်တွေ တည်တံ့အောင် ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာတွေကို အဓိကထားပြီး သင်ကြားတယ်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးအောင်လည်း သင်ကြားတယ်၊ ကျောင်းသားတွေ အနေနဲ့လည်း တစ်နည်းအားဖြင့် မိမိတို့ ရပ်ရွာဒေသမှာရှိတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မယ်ဆိုတဲ့ အသိပညာတွေကို ရရှိမှာဖြစ်ပါတယ်။

**ဒေါက်တာ အောင်ကျော်**

**(ပါမောက္ခ၊ သင်္ချာဌာန ၊ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်တို့ ဌာနကတော့ သင်္ချာဘာသာရပ်ခွဲတွေကို နိုင်ငံတကာ သင်ရိုးညွှန်းတမ်းတွေအတိုင်း ကျောင်းသားဦးရေ ၁၀၀ လက်ခံသင်ကြားနေပါတယ်၊ ကျောင်းသားတွေ ကြိုးစားရင် ကြိုးစားသလို အမြင့်ဆုံးပါရဂူဘွဲ့အထိ ပေးပါတယ်၊ အခြေခံပညာက ဆရာများအတွက် မွမ်းမံဒီပလိုမာသင်တန်းတွေ ပေးနိုင်အောင် ကြိုးစားနေပါတယ်၊ သင်္ချာဘာသာရပ်က အခြေခံစဉ်းစားတွေးခေါ်မှု၊ ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်မှုတွေအပြင် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုတွေ ရသွားမှာပါ၊ ဘာသာရပ်ရဲ့ အားသာချက်က စိတ်ကူးစိတ်သန်းတွေကို ဦးစားပေးပြီးလုပ်ရတဲ့အတွက် ဘဝအတွက်လည်း အထောက်အကူတွေ ရမှာပါ။

**ဒေါက်တာ ရေချမ်း**

**( ပါမောက္ခ၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်တို့ ဘာသာရပ်ကို တက်ရောက်ဖို့ဆိုရင် ဝင်ခွင့်စာမေးပွဲဖြေရပါတယ်၊ ရူပဗေဒဘာသာရပ်ကို ဂုဏ်ထူးထွက်တဲ့ အမှတ်မြင့်တဲ့ ကျောင်းသားတွေကို လက်ခံပါတယ်၊ ပထမနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ကျောင်းသား ဦးရေ ၁၀၀ ခေါ်ပါတယ်၊ အဓိကပေးနေတဲ့ ဘွဲ့တွေကတော့ B.SC၊ B.SC(Hons)၊ မဟာဘွဲ့၊ ပါရဂူဘွဲ့တွေအပြင် ဒီပလိုမာသင်တန်းတွေလည်း သင်ကြားပို့ချပေးနေပါတယ်၊ ရူပဗေဒဘာသာရပ်ကို Father of Science လို့ခေါ်ပါတယ်၊ ဘယ်လို အသက်မွေးဝမ်းကျောင်းပညာရပ်ကိုမဆို ဆက်လက်ဆည်းပူးနိုင်ပြီး သိပ္ပံပညာနဲ့ဆိုင်တဲ့ လုပ်ငန်းတွေ၊ အသက်မွေးမှု ဘာသာရပ်တွေအားလုံးမှာ ဝင်ရောက်အလုပ် လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာ ဒေဝအောင်**

**(ပါမောက္ခဌာနမှူး၊ ဘူမိဗေဒဌာန ၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်တို့ ဌာနကတော့ အဓိကအားဖြင့် ဘူမိဗေဒ ဘာသာရပ်တွေကို သင်ကြားပေးနေပါတယ်၊ ဘွဲ့ကြိုတန်း၊ ဒီပလိုမာတန်းတွေ ၊ မဟာတန်းတွေ၊ ပါရဂူတန်းအထိ ပါပါတယ်၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်အောက်မှာ ဖွင့်လှစ်တဲ့ ကျောက်မျက်ခွဲခြားခြင်း ဒီပလိုမာသင်တန်းလည်း ပါဝင်ပါတယ်၊ ဘူမိဗေဒ ပညာရပ်ကို တက္ကသိုလ်ဝင်တန်းရမှတ် ၄၀၀၊ ဓာတု၊ ရူပ ဘာသာရပ်မှာ တစ်ခုမဟုတ်တစ်ခုက ရမှတ် ၇၀ အဓိကသတ်မှတ်ထားပါတယ်၊ ကျွန်တော်တို့ တိုင်းပြည်က သယံဇာတပေါကြွယ်ဝတဲ့ တိုင်းပြည်ဖြစ်ပါတယ်၊ ဘူမိဗေဒဘာသာရပ်နဲ့ ဘွဲ့ရခဲ့ရင် သယံဇာတရှာဖွေရေးလုပ်ငန်းတွေ၊ ရေနံရှာဖွေရေး၊ ဇလဘူမိဗေဒဆိုင်ရာ လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းအများကြီးရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်၊ ဘူမိဗေဒဘာသာရပ်နဲ့ တိုင်းပြည်ကို တည်ဆောက်ဖို့ ကျောင်းသားများကို ဖိတ်ခေါ်အပ်ပါတယ်၊

**ဒေါက်တာ အေးဖေ**

**(ပါမောက္ခ ဌာနမှူး၊ ရုက္ခဗေဒဌာန ၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်တို့ ဌာနအနေနဲ့ ရုက္ခဗေဒ ဘာသာရပ်နဲ့ အနုဇီဝဗေဒဘာသာရပ်တွေကို သင်ကြားပို့ချပေးပါတယ်၊ အခုပညာသင်နှစ်မှာ ဒုတိယနှစ် ဝိဇ္ဇာ၊ သိပ္ပံ အောင်မြင်တဲ့သူတွေ၊ ဘယ်ဘာသာရပ်ကမဆို အောင်မြင်တဲ့သူတွေကို ပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရပ်ကို သင်ကြားပေးဖို့လည်း စီစဉ်နေပါတယ်၊ ရန်ကုန်တက္ကသိုလ်မှာ ရုက္ခဗေဒနဲ့ အနုဇီဝဗေဒဘာသာရပ်တွေကို တက်ချင်တယ်ဆိုရင် တက္ကသိုလ်ဝင်တန်းမှာ ဇီဝဗေဒဘာသာရပ်ကို ဂုဏ်ထူးထွက်ရပါမယ်၊ အမှတ်ပေါင်းအားဖြင့် ၄၀၀ နဲ့ အထက်ရရင် တက်လို့ရပါတယ်၊ ရုက္ခဗေဒ ဘာသာရပ်အတွက် အယောက် ၁၀၀ ကန့်သတ်ထားပါတယ်၊ အနုဇီဝဗေဒ ဘာသာရပ်အတွက်ကတော့ ဦးရေ ၅၀ ကန့်သတ်ထားပါတယ်၊ ရုက္ခဗေဒ ဘာသာရပ်ဆိုကတည်းက အပင်လောကအကြောင်းကို သိပ္ပံနည်းကျလေ့လာတဲ့ ပညာရပ်ဖြစ်ပြီး ရုက္ခဗေဒ ဘာသာရပ်ကိုလေ့လာခြင်းအားဖြင့် အပင်ထွက်ပစ္စည်းတွေ၊ ဆေးဖက်ဝင်အပင်တွေ၊ စိုက်ပျိုးရေးမှာ အသုံးဝင်တဲ့ ပစ္စည်းတွေ၊ စားသုံးပင်တွေ၊ အပင်အကြောင်းကို လေ့လာရုံတင်မကပါဘူး၊ အပင်နဲ့ ဆက်နွှယ်တဲ့ ပတ်ဝန်းကျင်အကြောင်းကိုပါ လေ့လာတဲ့ ပညာရပ်တစ်ခု ဖြစ်ပါတယ်၊ ရုက္ခဗေဒ ဘာသာရပ်နဲ့ ဘွဲ့ရပြီးရင် လုပ်နိုင်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေက မြောက်မြားစွာရှိပါတယ်။ ॥



ဒေါက်တာထွန်းကို



ဒေါက်တာ အောင်ကျော်



ဒေါက်တာ ရေချမ်း



ဒေါက်တာ ဒေဝအောင်



ဒေါက်တာ အေးဖေ

# စာပေညီလာခံကို ကြိုဆိုသည့် ကဗျာဆရာ မကွေးမှ ရန်ကုန်သို့ စက်ဘီးစီး ခရီးနှင်

**မကွေး ဒီဇင်ဘာ ၂**

၂၀၁၇ စာပေညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသက် ၆၅ နှစ်အရွယ်၊ ကဗျာဆရာလွမ်းရ(မကွေး)၏ မကွေး-ရန်ကုန် မိုင် ၃၀၀ ကျော် စက်ဘီးခရီးစဉ်ကို ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီက စတင်လိုက်ကြောင်း သိရသည်။

မကွေးမြို့မှ သစ်ရာကောက်ကျေးရွာအနီး ကိုးပင်လမ်းခွဲအတိုင်း စက်ဘီးနင်းကာ ဒီဇင်ဘာ ၂ ရက် ညတွင် အောင်လံမြို့တွင် ညအိပ်ရပ်နားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ထွက်ခွာကာ ပြည်မြို့၌ ညအိပ်ရပ်နားသွားမည်ဖြစ်ပြီး ကျန်ခရီးစဉ်များတွင် သင့်လျော်ရာ နေရာများ၌ အနားယူရင်း တစ်ရက်မိုင် ၅၀ နှုန်းဖြင့်သာ ခရီးဆက်မည်ဖြစ်ကြောင်း သိရသည်။



“အသက် ၆၀ ပြည့်ကတည်းက စက်ဘီးခရီးစဉ် သွားချင်နေတာ၊ လွန်ခဲ့တဲ့ ငါးနှစ် အား/ကာ ကနေ ပင်စင်ယူတော့ ငွေကျပ်သုံးသောင်းနဲ့ ပြိုင်ဘီးလေးတစ်စီး ဝယ်ထားဖြစ်တယ်၊ အခုမှ သွားဖြစ်တယ်ဆိုပေမယ့် စာပေသမားတစ်ယောက်အနေနဲ့ ဒီလိုပွဲမျိုးကို ဂုဏ်ပြုခွင့်ရတာပိုပြီးကျေနပ်မိတယ်၊ စာပေလောကရဲ့ အခက်အခဲတွေကို နားလည်ပေးနိုင်ကြဖို့လည်း မျှော်လင့်ပါတယ် ”ဟု ၎င်းက ဆိုသည်။

အသက် ၆၀ ကျော် ကဗျာဆရာကြီး၏ စက်ဘီးခရီးစဉ်တွင် မကွေးမြို့ ချမ်းမြေ့သာယာရပ်ကွက်နေ စာပေဝါသနာရှင် တစ်ဦးဖြစ်သည့် ကိုသက်က ၎င်း၏ ဖီးဆန့်စက်ဘီးကို စီးကာ အထောက်အကူပြုနိုင်ရန် လိုက်ပါလျက်ရှိကြောင်း သိရသည်။

စက်ဘီးစီး ဂုဏ်ပြုသူများအား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အောင်ဆန်းအားကစားကွင်း၌ ကြိုဆိုဂုဏ်ပြုသွားမည်ဖြစ်ရာ ခရီးလမ်းတစ်လျှောက်ရှိ စာရေးဆရာ၊ ကဗျာဆရာများကလည်း ပါဝင်အားဖြည့် ကူညီသွားမည် ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် မကွေးဒေသခံ စာရေးဆရာများက စက်ဘီးစီးဦးထုပ်၊ ဝတ်စုံနှင့် ခရီးလမ်းအသုံးစရိတ်များ ဝိုင်းဝန်းထောက်ပံ့ပေးခဲ့ကြောင်း ဒေသခံစာရေးဆရာ လူဦးဇင်(မကွေး)က ပြောသည်။

ရန်ကုန်မြို့၌ ဒီဇင်ဘာ ၁၃ မှ ၁၅ ရက်အထိ သုံးရက်ကြာကျင်းပမည့် စာပေညီလာခံကို မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂ၊ မြန်မာနိုင်ငံကဗျာ ဆရာသမဂ္ဂ၊ မြန်မာစာပေ ချစ်မြတ်နိုးသူများ အသင်း၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေး အသင်း၊ PEN Myanmar ၊ မြန်မာနိုင်ငံ ဘာသာပြန် စာပေကွန်ရက်၊ မြန်မာစာရေး ဆရာကလပ်၊ မြန်မာနိုင်ငံ ထုတ်ဝေဖြန့်ချိသူများ အသင်း၊ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။

**ဇေယျတု(မကွေး)**



# ရခိုင်ပြည်နယ်လွှတ်တော်အနေဖြင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းရှိကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြောကြား

**မောင်တော ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ပြန်လည်ထူထောင်မှု အပိုင်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုမှအစ ကဏ္ဍမျိုးစုံတွင် ရခိုင်ပြည်နယ်လွှတ်တော်အနေဖြင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းရှိကြောင်း၊ ဒေသခံပြည်သူများ၏ ဆန္ဒမှာလည်း လွှတ်တော်၏ ဆန္ဒဖြစ်ကြောင်း ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ယနေ့ မောင်တောဒေသခံ ပြည်သူများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

မောင်တောမြို့ သာသနာ့ဗိမာန်၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသော ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာ၊ အကြံပေးအဖွဲ့ဝင်များနှင့် မောင်တောမြို့ ဒေသခံပြည်သူများတွေ့ဆုံပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မောင်တောဒေသနှင့် ဘူးသီးတောင်ဒေသများအနေဖြင့် လတ်တလောအေးချမ်း သင့်သလောက် အေးချမ်းမှုရှိနေပြီဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သောအကြမ်းဖက်မှု ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်လွှတ်တော်အနေဖြင့် ဒေသခံပြည်သူများ နှင့် တစ်သားတည်းရှိကြောင်း၊ လွှတ်တော်တစ်ရပ်လုံးက ပြည်သူဘက်တွင် မားမားမတ်မတ် ရပ်တည်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးအနေဖြင့်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စတင်အကောင်အထည်ဖော် လုပ်ဆောင်နေပြီ ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များနှင့်အတူ ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုများပါ တစ်ပါတည်း ပါဝင်လာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် လွှတ်တော်ထဲ၌လည်းပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲမထားဘဲ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဒေသခံပြည်သူများက တင်ပြဆွေးနွေးရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ပြန်လည်လက်ခံရာတွင်လည်းကောင်း ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ အသိပေးချပြစေလိုကြောင်းနှင့် ကဏ္ဍမျိုးစုံကို ပွင့်လင်းမြင်သာစွာ ပြည်သူကိုချပြစေလိုကြောင်း ပြန်လည်ဆွေးနွေးတင်ပြကြသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**






# အိန္ဒိယနိုင်ငံအစိုးရမှလှူဒါန်းသည့် ပစ္စည်းများအား ဟိန္ဒူဘာသာဝင်များထံသို့ပေးအပ်

**စစ်တွေ ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံ အစိုးရမှ လှူဒါန်းသည့် ပစ္စည်းများအား ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ အလှူငွေနှင့် ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်တွေမြို့ ဓညဝတီအားကစားကွင်းယာယီကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များထံသို့ ယနေ့ နံနက် ၁၀ နာရီ တွင် ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ဟိန္ဒူဘာသာ ဝင် အိမ်ထောင်စု ၁၅၅ စုအတွက် အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသော မိသားစု အိပ်ရာ Family bed ၁၅၅ လုံး၊ ဆပ်ပြာ နှစ်ဖာ၊ ဘီစကစ်မုန့် သုံးဖာ၊ ဆီ ငါးဖာနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် အလှူရှင်များက လှူဒါန်းသော ဖျာ ၁၅၆ ထည်တို့အား ပြည်နယ်အစိုးရအဖွဲ့ အလှူငွေနှင့် ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီဥက္ကဋ္ဌ ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက ဟိန္ဒူဘာသာဝင်များကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်

**မင်းပြား ဒီဇင်ဘာ ၂**

မင်းပြားမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး အတွက်ရည်ရွယ်ပြီး ဒီဇင်ဘာလူထု အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၅ နာရီခွဲက မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်၍ ရုံးတက်လမ်း၊ မြောင်းဘွေလမ်း၊ အောင်သစ္စာလမ်းမှတစ်ဆင့် ကျိန်းတောင်ပေါ်သို့ စုပေါင်း လမ်းလျှောက်ကြသည်။

အဆိုပါ ပထမပတ် စုပေါင်း လမ်းလျှောက်ပွဲသို့ မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြပြီး မင်းပြားမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက အားကစားသရုပ်ပြလေ့ကျင့်ခန်းလှုပ်ရှားမှုများပြုလုပ်ခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ ဒီဇင်ဘာလ အပတ်စဉ် စနေနေ့တိုင်း လူထုအားကစား လမ်းလျှောက်ပွဲကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လျှပ်စစ်ဝိုင်ယာရိန်းသင်တန်း တောင်ကုတ်၌ဖွင့်

**သံတွဲ ဒီဇင်ဘာ ၂**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က တောင်ကုတ်မြို့၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ သံတွဲခရိုင်ကျေးလက်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ တက်ရောက်ချီးမြှင့်ပေးကြသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒီဇင်ဘာ အားကစားလ လမ်းလျှောက်ပွဲ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ကျင်းပ

**မောင်တော ဒီဇင်ဘာ ၂**

ဒီဇင်ဘာ အားကစားလ(ပထမပတ်) လူထုစုပေါင်းလှုပ်ရှားမှု လမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက စတင်၍ မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ကျင်းပသည်။

မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ကျင်းပသည့် လမ်းလျှောက်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် မြို့ပေါ်ရှိ ပြည်သူလူထုများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မောင်တော်မြို့ လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲခဲ့သူ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "အားကစားဝန်ကြီးဌာနရဲ့ ဒီဇင်ဘာ လမ်းလျှောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြုလုပ်ခြင်းဖြစ်ပါတယ်၊ ဩဂုတ် ၂၅ ရက်ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အခုအခါ မောင်တောမြို့က ပြန်လည် တည်ငြိမ်လုံခြုံလာပါပြီ၊ ဒါကြောင့် မောင်တောမြို့နယ်မှာရှိတဲ့ ပြည်သူလူထုတွေအားလုံး ဆင်နွှဲနိုင်အောင် ဒီဇင်ဘာ လူထု လမ်းလျှောက်ပွဲ ပြုလုပ်ခြင်းဖြစ်ပါတယ်၊ လုံခြုံရေးအခြေအနေဆိုးရွားတဲ့ အချိန်တွေမှာတောင် ကျန်းမာရေးအရ လမ်းထွက်လျှောက်ကြတဲ့သူတွေရှိပါတယ်၊ မြို့က တည်ငြိမ်လာပြီဖြစ်တာကြောင့် စနေနေ့တိုင်း လမ်းလျှောက်ပွဲကို ဆက်လုပ်သွားပါမယ်"ဟု ပြောသည်။

မောင်တောမြို့ စုပေါင်း လမ်းလျှောက်ပွဲတွင် အမျိုးသမီး အိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ နေ၍ မောင်တောမြို့အဝင် တံတား မြို့သူကြီးကျေးရွာအထိ လမ်းလျှောက်ခဲ့ကြပြီး ဘူးသီးတောင်မြို့တွင် ဦးဥတ္တမခန်းမရှေ့မှ မြို့တစ်ပတ် လမ်းလျှောက်ကာ ဘူးသီးတောင် မြို့မအားကစားကွင်းတွင် စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မောင်တောမြို့ ရပ်ကွက် ၄ ဗိုလ်မှူးရွာတွင်နေထိုင်သူ ဦးအောင်မြင့်နိုင်က လမ်းလျှောက်တာက နဂိုကတည်းက နံနက်တိုင်း လျှောက်ဖြစ်ပါတယ်၊ ဒီနေ့ ဌာနဆိုင်ရာတွေနဲ့ စုပေါင်းလမ်းလျှောက်တော့ ပိုပျော်ဖို့ကောင်းတာပေါ့၊ မနက် ၆ နာရီ ဆိုရင် ပုံမှန်လျှောက်တယ်၊ အရင်ကထက် လမ်းလျှောက်ရတာ စိတ်ချမ်းသာလာတယ်၊ အရင်ကထက် လုံခြုံမှုရှိလာတယ်လို့ ခံစားလာရပါတယ်၊ လမ်းလျှောက်ရတာ အပေါင်းအသင်းသစ်တွေနဲ့လည်းတွေ့တယ်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်မှုရှိပါတယ်၊ ကိုယ့်အနီးနားဝန်းကျင်က လူတွေနဲ့ ပုံမှန်လမ်းလျှောက်ဖြစ်ပါတယ်"ဟု နံနက်တိုင်း လမ်းလျှောက်ရသည့် အကြောင်းနှင့် ပတ်သက်၍ ပြောသည်။



မောင်တောနှင့် ဘူးသီးတောင်မြို့ပေါ်တွင် ည ၆ နာရီမှမနက် ၆ နာရီထိ ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း လုံခြုံတည်ငြိမ်လာသည်နှင့် အမျှလုံခြုံရေးအပေါ်မူတည်၍ ညမထွက်ရအမိန့်ကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ညမထွက်ရ အမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားမှုနဲ့ ပတ်သက်ပြီးတော့ နှစ်လ တစ်ကြိမ် ထုတ်ပြန်တာကြောင့် တည်ငြိမ်လာတာနဲ့အမျှ လုံခြုံရေးအပေါ်မူတည်ပြီး ပြင်ဆင်သင့်ရင် ပြင်ဆင်သွားမှာဖြစ်ပါတယ်"ဟု ဦးရဲထွဋ်က ပြောသည်။

ဒီဇင်ဘာအားကစားလ စုပေါင်း လူထုလမ်းလျှောက်ပွဲ ပထမပတ်ကို ဒီဇင်ဘာ ၂ ရက်နေ့ စနေနေ့မှစတင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာလအတွင်း စနေနေ့တိုင်း လမ်းလျှောက်ပွဲကျင်းပသွားမည်ဖြစ်သည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

# ရခိုင်ပြည်နယ် လူသားချင်းစာနာမှု ကူညီထောက်ပံ့ငွေ လှူဒါန်း

**ရွှေကူ ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် လူသားချင်းစာနာမှု ကူညီထောက်ပံ့ရေး လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က အလှူငွေကောက်ခံရရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတနာရှင်တို့၏ ထည့်ဝင်လှူဒါန်းငွေများကို အလှူရှင်များကိုယ်စား ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ပေးအပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စိုင်းထွန်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ကြည်ဌေးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ရွှေကူမြို့နယ်အနေဖြင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လုပ်ငန်းရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ NGO/INGO များ လှူဒါန်းထည့်ဝင်ငွေ ငွေကျပ် ၁၀,၉၅၅,၀၅၀ ရှိခဲ့ကြောင်း၊ ဒီဇင်ဘာပထမပတ်အတွင်း လှူဒါန်းငွေများကို ခရိုင်လုပ်ငန်းအဖွဲ့က စနစ်တကျလက်ခံပြီး ပြည်နယ်လုပ်ငန်းကော်မတီသို့ လွှဲပြောင်းအပ်နှံသွားမည် ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်-ရွှေကူ**

*စာမျက်နှာ ၉ မှ*

မြန်မာ့ဆုတောင်းယိမ်းအက၊ ကယားတိုင်းရင်းသားရိုးရာအက၊ ရွှေခြေချင်းနှင့် မဟာဆန်သူ ယိမ်းအက၊ ကရင်တိုင်းရင်းသားရိုးရာအက၊ ဆွမ်းတော်ဖျို့ ယိမ်းအက၊ တူနှစ်သွယ် နှစ်ပါးသွားအက၊ ချင်းတိုင်းရင်းသားရိုးရာ ဝါးညှပ်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး Portrait လူ၊ ဓာတ်ပုံ ပုံတူပန်းချီရေးဆွဲခြင်း၊ Caricature ရုပ်ပြောင်ပုံများ ရေးဆွဲခြင်း၊ ပို့စကတ်များ ရေးဆွဲခြင်းတို့ကိုလည်း ထည့်သွင်းစီစဉ်ခဲ့ရာ လူငယ်များ စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။

အသိပညာပေးအစီအစဉ်များအဖြစ် ဝိဇ္ဇာခန်းမရှေ့၌ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာ တူရိယာများ၊ ရိုးရာအစားအစာများနှင့် Landmark များ၏ ဓာတ်ပုံများနှင့် ဗီဒီယိုပြသခြင်း၊ တိုင်းရင်းသား ရှစ်မျိုးတို့၏ အမျိုးသား၊ အမျိုးသမီးဝတ်စုံများကို ရုပ်တုများတွင် ဝတ်ဆင်၍ ထင်ရှားသည့် တူရိယာများနှင့်အတူ ခင်းကျင်းပြသခြင်း၊ မြန်မာတိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်၍ ဓာတ်ပုံရိုက်ခြင်း၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုခြင်းနှင့် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီး ရုပ်တုများနှင့် ဓာတ်ပုံရိုက်ကူးခြင်း အစီအစဉ်များကို ပြုလုပ်လျက်ရှိသည်။

Science Fair ပြခန်းများ ပြသခြင်းအဖြစ် ဘွဲ့နှင်းသဘင်ခန်းမနှင့် စီးပွားရေးတက္ကသိုလ်အကြားရှိ ပြခန်းများတွင် လူငယ်များ တီထွင်ပြသထားသည့် သိပ္ပံပစ္စည်းများနှင့် အိုင်တီပစ္စည်းများသည် လူငယ်ထုတို့အတွက် စိတ်လှုပ်ရှား အားတက်ဖွယ်ဖြစ်ခဲ့သည်။

စီးပွားရေးတက္ကသိုလ်ရှေ့တွင် ခင်းကျင်းပြသထားသည့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများကလည်း ကုမ္ပဏီတို့မှ လိုချင်သည့် လုပ်သားများ၏ အရည်အချင်း၊ လိုအပ်ချက်ကို လူငယ်ထုက သိရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများကို ချိတ်ဆက်နိုင်ရန် သတင်းအချက်အလက်များလည်း ရရှိနိုင်မည်ဖြစ်သည်။

အဓိပတိ လမ်းမတစ်လျှောက်တွင် ပြသထားသည့် လူငယ်စံပြရုပ်သာ၊ မူးယစ်ဆေးဝါး ပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှု ပပျောက်ရေးဆိုင်ရာ ပြခန်းများအပါအဝင် အသိပညာပေးပြခန်းများသည် လူငယ်ထုအတွက် စိတ်ဝင်စားဖွယ်ဖြစ်သလို ရိုးရာအဝတ်အထည်များ၊ အစားအသောက်များ၊ လက်မှုပညာပစ္စည်းများ၊ သိပ္ပံဆိုင်ရာ ပစ္စည်းပြခန်း၊ ပုံတူပန်းချီရေးဆွဲခြင်း ပြခန်းများတွင်လည်း ကျောင်းသား ကျောင်းသူ လူငယ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်သည် လူငယ်များအတွက် အသိပညာ ဗဟုသုတများ ဖြည့်ဆည်းပေးရုံသာမက လူငယ်ထုတစ်ရပ်လုံး ပျော်ရွှင်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ထားရာ မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်၏ အပျော်တမ်းတောင်တက်လေ့ကျင့်မှု အစီအစဉ်အပါအဝင် ပျော်ပွဲရွှင်ပွဲကဏ္ဍများတွင် ကလေး၊ လူငယ်များ ပျော်ရွှင်စွာ ဝင်ရောက်ဆင်နွှဲကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီကလည်း ပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် လူငယ်များနှင့် ပြည်သူများကို ပွဲတော်ဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် သတင်းလွှာများနှင့် နေ့စဉ်ထုတ် သတင်းစာများကို ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်အစိုးရက မြန်မာလူငယ်များ အချင်းချင်း အသိပညာ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့် ဒီဇင်ဘာ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူများ အထူးတရားရုံးသို့ ရုံးထုတ်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုတွင် သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်း တို့အား ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး လိုပြသက်သေနှစ်ဦး စစ်ဆေးခဲ့ကြောင်းနှင့် ယနေ့အထိ လိုပြသက်သေများ စုစုပေါင်း ၆၂ ဦးအထိ စစ်ဆေးမှုပြုလုပ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒေါ်စုစန္ဒာဝင်းက "ဒီကနေ့ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင် နေပြည်တော်သွားနေတဲ့အတွက် ကျွန်မက ရှင်းပြပေးရမှာပါ၊ ကျွန်မတို့မြောက်ပိုင်းခရိုင် အထူးတရားရုံး ရာဇသတ်ကြီးအမှု အမှတ်(၄၅/၂၀၁၇) တရားလို ရဲအုပ် မိုးနိုင်၊ တရားခံကြည်လင်း(ခ) ဖိုးထူး ပါ-၄ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၂၀၂ အမှုကနေ တရားလိုပြသက်သေနှစ်ဦးကို စစ်ဆေးပါတယ်၊ တစ်ဦးက ရပ်စောက်မြို့နယ်တရားသူကြီး ဒေါ်မြငြိမ်းအေးဖြစ်ပြီး ယခင် အင်းစိန်မြို့နယ် တွဲဖက်တရားသူကြီး တာဝန်ယူစဉ်က လိုပြသက်သေ ဦးရဲထွဋ်လှိုင်ရဲ့ ကြိုတင်ထွက်ဆိုချက် အပြည့်အစုံထွက်ဆို သက်သေခံ တင်ပြသွားပါတယ်၊ နောက်တစ်ဦးက ဒက္ခိဏသီရိမြို့နယ် တရားသူကြီး ဒေါ်ဝတ်မှုန်ဖြစ်ပြီး ယခင် ဇမ္ဗူသီရိမြို့နယ် တွဲဖက်တရားသူကြီး တာဝန် ထမ်းဆောင်စဉ်က လိုပြသက်သေ ဦးမင်းမင်းထွန်း၊ ဦးကျော်လင်းထွန်းနဲ့ ဦးသန်းဝင်းတို့ရဲ့ ကြိုတင်ထွက်ဆိုချက်တွေကို စာရွက်စာတမ်း အထောက်အထား မှတ်တမ်းတွေ ထွက်ဆိုသက်သေခံ တင်ပြ တင်သွင်းသွားတာပါ၊ ဒါကို ကျွန်မတို့ အထူးတရားခုံရုံးက လက်ခံထားကာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၆ နဲ့ စုံစမ်းစစ်ဆေးမှုပြုလုပ်ဖို့ ဥပဒေအရာရှိကို ညွှန်ကြားတာလေး ရှိပါတယ်၊ နောက်တစ်ပတ်ရုံးချိန်းကို ဒီဇင်ဘာ ၈ ရက်မှာ စစ်မယ်လို့လည်း မှာကြားလိုက်ပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်၊ သံဃာတစ်ပါးနှင့် လူလေးဦးဒဏ်ရာရ

**ရေတာရှည် ဒီဇင်ဘာ ၂**

ရေတာရှည်မြို့နယ် သာဂရ အမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၇၉/၁ နှင့် ၁၇၉/၂ ကြားတွင် ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီ ဝန်းကျင်ခန့်က ရန်ကုန်-နေပြည်တော်သို့ ဝါးခယ်မမြို့ ဆေးရုံရပ်ကွက် မြို့မလမ်းနေ ယာဉ်မောင်း သန့်ဇင်ဝင်း မောင်းနှင်လာသည့် ယာဉ်အမှတ် 9N/----- လိုက်ထရပ်ယာဉ်မှာ ယာဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်ရာသို့ သာဂရ အမြန်လမ်းမကြီး ရဲစခန်းမှူး ရဲအုပ် ရာဇာလင်း ပါဝင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့က သွားရောက် စစ်ဆေးရာ ယာဉ်ပေါ်တွင် ယာဉ်မောင်းနှင့် သံဃာတစ်ပါး အပါအဝင် စုစုပေါင်း အမျိုးသား ခြောက်ဦးအနက် ရွှေတောင်မြို့ ဝါးခယ်မမြို့နေ သံဃာတော် ဦးကုသလ၊ ယာဉ်မောင်း သန့်ဇင်ဝင်း၊ ဝါးခယ်မမြို့ ကျီးပင်စုကျေးရွာနေ ဦးစိုးလှိုင်ဦး၊ ဦးမောင်စောနှင့် ဦးကြည်ဝင်းတို့မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။ ဒဏ်ရာရ လူနာများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း သန့်ဇင်ဝင်းအား သာဂရ အမြန်လမ်းမကြီးရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ချမ်းမြသာစည်မြို့နယ်တွင် နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွား



**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၈လမ်းနှင့် ၆၉လမ်းကြား ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား ဆ/၅ ရှိ ဒေါ်ချောဆုခင်၏ သွပ်မိုးထရံကာ နေအိမ်၌ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က အိမ်ခန်းအတွင်း လျှပ်စစ်မီး သွယ်တန်းထားသော ပလပ်ခုံ ဝိုင်ယာကြိုး အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားရာ ပေ (၂၀×၆၀) နံကပ်အိမ်နှင့် ပေ (၄၀× ၆၀) သွပ်မိုးထရံကာ နှစ်ထပ်အိမ်တို့ကို မီးကူးစက်လောင်မှုကြောင့် နေအိမ်သုံးလုံးနှင့် ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက မီးသတ်ယာဉ် ၃၅ စီး၊ ရေသယ်ယာဉ် ၁၅ စီး၊ သန္နေ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ငြိမ်းသတ်ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားကြောင်းနှင့် မီးပေါ့ဆစွာ အသုံးပြုသူကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိတ္ထီလာ၌ ဆိုင်ကယ်နှင့် ကားတိုက်မိရာ ကျောင်းသူ နှစ်ဦးသေဆုံး

**မိတ္ထီလာ ဒီဇင်ဘာ ၂**

မိတ္ထီလာမြို့နယ် ထန်းတောကျေးရွာအနီး မိတ္ထီလာ-ကျောက်ပန်းတောင်းသွား မိုင်တိုင်အမှတ် ၂၂/၀ နှင့် ၂၂/၁ ကြားတွင် ဒီဇင်ဘာ ၂ ရက်က မော်တော်ဆိုင်ကယ်နှင့် ကားတိုက်မိရာ တက္ကသိုလ်ကျောင်းသူ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မယဉ်မေဦး (၂၂ နှစ်) (ဒုတိယနှစ်-စီးပွားရေး) ကျောင်းကုန်းကျေးရွာ ဝမ်းတွင်းမြို့နယ်နေသူ မောင်းနှင်ပြီး မမျိုးဇင်ပိုင်(၂၂ နှစ်) (တတိယနှစ်-မြန်မာစာ) မကြီးတိုင်းကျေးရွာ ကျောက်ပန်းတောင်းမြို့နေသူ လိုက်ပါလာသည့် ဆိုင်ကယ်အမှတ် ၃၄ယ/----- ရင်းဇင်းအမျိုးအစား ဆိုင်ကယ်သည် ကျောက်ပန်းတောင်းမြို့မှ မိတ္ထီလာမြို့ဘက်သို့ မောင်းနှင်လာစဉ် လားရာတူမှ ယာဉ်မောင်း ထွန်းထွန်း (၅၀ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် 6L/---- ခရီးသည်တင် မှန်လုံယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိရာ မယဉ်မေဦးမှာ ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး မမျိုးဇင်ပိုင်တွင် ပေါက်ပြဲဒဏ်ရာများ ရရှိပြီး မိတ္ထီလာပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မူဆယ် နမ့်ပွန်တံတားအနီး ယာဉ်တစ်စီးတိမ်းမှောက်၊ အမျိုးသမီးတစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

**မူဆယ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်း၌ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီခန့်က လမ်းတံတား ကုမ္ပဏီပိုင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက် နံနက် ၁၁ နာရီခန့်က မူဆယ်မြို့နယ် မော်တောင်းကျေးရွာအုပ်စု မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၆၅/၄ နှင့် ၂၆၅/၅ ကြား နမ့်ပွန်တံတားကုန်းဆင်းတွင် မူဆယ်မှ ကွတ်ခိုင်ဘက်သို့ ယာဉ်မောင်း အိုက်ဝင်း(ခ)သန်းဝင်း(၄၅ နှစ်) Original High Way Toll Gate ဝန်ထမ်းလိုင်းခန်း မူဆယ်မြို့နေသူ မောင်းနှင်သည့် ကျောက်သယ် ၁၀ ဘီးယာဉ် အမှတ် 5B/----- ယာဉ်သည် ဘရိတ်ပေါက်၍ လမ်း၏ ယာဘက်ချိုင့်အတွင်းသို့ ထိုးကျတိမ်းမှောက် သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မမြခိုင်ဦး(၃၅ နှစ်) ကျောက်သယ် လုပ်သားသည် ဒဏ်ရာများရရှိကာ အခင်းဖြစ်ပွားနေရာ၌ သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း အိုက်ဝင်းပါ ခြောက်ဦးမှာ ထိခိုက်ဒဏ်ရာများသာ ရရှိခဲ့သည်။

ဒဏ်ရာရ လူနာများအား မူဆယ်ခရိုင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ၁၀၅ မိုင်စခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ နမ့်ပေါ်တံတားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်သော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့များ၊ ပြည်သူ့စစ်များနှင့် ခရီးသွားပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး အချိန်မီ ဆေးကုသမှုခံယူနိုင်ရန်အတွက် ၁၀၅ မိုင် ပါရမီလူမှုကူညီရေးအသင်းယာဉ်ဖြင့် မူဆယ်ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၈ စီး၊ သွင်းကုန် ၉၉၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၈၄၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၁၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၂၅၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၇ မိုင် ၇ ဖာလုံအနီး၌ Toyota Crown ယာဉ်တစ်စီးနှင့် Toyota Probox ယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ခန်းအတွင်း မိုးကာစများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွေ့သစ် ၄၂ တုံး (၁ ဒသမ ၀၁၅၈)တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၀၄၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✱ *ကျောဖုံးမှ*

ပြိုင်ပွဲအပြီးတွင် တရုတ်(တိုင်ပေ)အသင်းက ခြောက်ပွဲစလုံးအနိုင်ရကာ ၁၈ မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး မြန်မာအသင်းက လေးပွဲနိုင်၊ နှစ်ပွဲရှုံး ၁၂ မှတ်ဖြင့် ဒုတိယ၊ ဟောင်ကောင်အသင်းက နှစ်ပွဲနိုင်၊ လေးပွဲရှုံး ခြောက်မှတ်ဖြင့် တတိယရခဲ့ပြီး ဘရူနိုင်းအသင်းမှာမူ ပွဲတိုင်းရှုံးနိမ့်ကာ အမှတ်မရခဲ့ပေ။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ တရုတ်(တိုင်ပေ) အသင်းအား ဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ မြန်မာအသင်းနှင့် တတိယဆုရ ဟောင်ကောင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ အသန့်ရှင်းဆုံးအသင်းဆုရ ဘရူနိုင်းအသင်း၊ သွင်းဂိုးအများဆုံးဆုရ သန်းထွဋ်ဝင်း(မြန်မာ)၊ အကောင်းဆုံး ဂိုးသမားဆုရ ချန်ဟောင်ဖန်(ဟောင်ကောင်)၊ အကောင်းဆုံး ကစားသမားဆုရ တန်ရှန်ယီ တရုတ်(တိုင်ပေ) တို့အား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ဖူဆယ် နည်းပြသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် အရည်အသွေး ပြည့်ဝသည့် နိုင်ငံတကာအသိအမှတ်ပြုလိုင်စင်ရ ဖူဆယ်နည်းပြဆရာများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ AFC Futsal Coaching Certificate Course-Level 1 ဖူဆယ်နည်းပြသင်တန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းတွင် အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်သည့် သင်တန်းနည်းပြဆရာများက လာရောက်ပို့ချ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် အသက် ၂၀ မှ ၃၀ နှစ်ကြားရှိ ပညာအရည်အချင်း အနိမ့်ဆုံး ၁၀ တန်းရှိရမည်ဖြစ်ပြီး လက်ရွေးစင်အဖြစ် ကစားခဲ့ဖူးပါက အသက်နှင့် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည် ဖြစ်သည်။ ထို့ပြင် ဖူဆယ်အားကစားနည်းကို ကောင်းမွန်စွာ ကစားနိုင်သူဖြစ်ပြီး သင်တန်းတွင် လက်တွေ့လေ့ကျင့်ခန်းများ ပါဝင်လုပ်ဆောင်နိုင်ရမည်ဖြစ်ကာ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ကလပ်အသင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏ ထောက်ခံချက်ပါရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သူဖြစ်ရမည်ဟု သတ်မှတ်ထားပြီး စာတွေ့၊ လက်တွေ့ နှစ်မျိုးစလုံးတွင် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်ရမည်ဖြစ်ကာ အင်္ဂလိပ်ဘာသာကို ရေးနိုင်၊ ဖတ်နိုင်သူဖြစ်ရမည် ဖြစ်သည်။ ထို့ပြင် ကွန်ပျူတာကို အတော်အသင့် အသုံးပြုတတ်ရမည်ဖြစ်ပြီး လက်ရှိ နည်းပြတာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးမည်ဖြစ်ကြောင်း သိရသည်။ တက်ရောက်လိုသည့် သင်တန်းသားများအနေဖြင့် ဒီဇင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဌာန (သင်တန်းရေးရာ)သို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များနှင့် သင်တန်းလျှောက်လွှာများ ထုတ်ယူရန် မလွင်မာအောင် (ဖုန်း-၀၁-၈၅၆၉၉၆၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပထမပတ် စုပေါင်းလမ်းလျှောက်

**မန္တလေး ဒီဇင်ဘာ ၂**

၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ် စုရပ်နေရာတွင် ကျင်းပသည်။ **(ယာပုံ)**



စုပေါင်းလမ်းလျှောက်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာယုယုမေ ဦးဆောင်သော တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့ပေါ်မှ တက္ကသိုလ်၊ ကောလိပ်၊ သူနာပြုတက္ကသိုလ်၊ အားကာသိပ္ပံ၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီဝင်များ၊ တိုင်းဒေသကြီး အား/ကာ ဌာနဆိုင်ရာများနှင့် စည်ပင်ဝန်ထမ်းများ၊ မန္တလေးမြို့မှ မိဘပြည်သူများ စုစုပေါင်း အင်အား ၁၀၅၀၀ ကျော်တို့သည် သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က စုပေါင်းလမ်းလျှောက်ရန် အချက်ပြ သေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများသည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း အရှေ့ဘက် ၆၆ လမ်းအထိ ထိုမှ လမ်း ၃၀ အတိုင်း လမ်း ၇၀ နှင့် ၇၁ လမ်းကြားရှိ ဗထူးအားကစားခန်းမရှေ့ဝင်ပေါက်မှ တစ်ဆင့် ကွင်းအတွင်းထိ စုပေါင်းလမ်းလျှောက်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပြီး ဗထူးကွင်းတွင် စုပေါင်းကာယကြံ့ခိုင်မှု အတွဲ(၁)၊ အတွဲ(၂) လေ့ကျင့်ခန်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အား/ကာမှ လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲခဲ့သူများကို နံနက်စာ ကောက်ညှင်းပေါင်း၊ အကြော် တို့ဖြင့် ဧည့်ခံကြောင်းသိရသည်။ ထို့ပြင် မြို့နယ် ရပ်ကွက် အသီးသီးတို့၌လည်း အားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ၏ စနေ၊ တနင်္ဂနွေနေ့တိုင်းကျင်းပကြပြီး မြို့မိ မြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အား/ကာတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**



မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ကလေးများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် သထုံခရိုင်မှ ရဲတပ်ဖွဲ့ဝင်များက သထုံမြို့ ဘုရားကြီးတောင်ဘက် မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများ လမ်းဖြတ်ကူးရာတွင် ကူညီစောင့်ရှောက်ပေးစဉ်။

၁၃၈


## ပျောက်ဆုံးကြောင်း

ကျော်ထက်အောင်(ဘ)ဦးသန်းလွင် ၁၄/သပန(နိုင်)၁၂၁၀၅၆၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၇၉၆၆၂၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6518, Toyota IQ KCJ 10 H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၁၀/မဒန(နိုင်)၀၉၃၄၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကတ္တရာကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၆-၁၂-၂၀၁၇ရက် |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၅-၁၂-၂၀၁၇ရက်(ညနေ ၄း၃၀နာရီ) |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၁၉-၁၂-၂၀၁၇ရက်(နံနက် ၉း၃၀နာရီ) |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၀-၂၁၁၄၃တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8437, Nissan Vanette Sk 82 TN,P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးဦး ၁၄/လပတ(နိုင်)၂၀၆၈၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

ပြည်တွင်း/ပြည်ပ -အလုပ်အကိုင်ရှာနေသူများ အတွက်
အလွယ်တကူ အလုပ်အကိုင်ရရှိပြီး လစာကောင်းစေဖို့ ...
အခြေခံအင်ဂျင်နီယာသင်တန်း (B.E.C)
လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း -(၅) မျိုးပါဝင်သည်။
(5)Week → တနင်္လာမှ စနေနေ့ထိ(အချိန်ပြည့်) အလယ်တန်းနှင့်အထက် (ကျား)
ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း
(နေ့စရိတ်/စားစရိတ်/သွားစရိတ်)- ငြိမ်း ÷ စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့်တစ်လ → ရက်(၃၀)သင်တန်း အလယ်တန်းနှင့်အထက် (ကျား/မ)
ဝန်ကြီးဌာန၏တရားဝင်ခွင့်ပြုလိုင်စင်ရရှိထားသော
သုခစုစံ ÷ အသက်မွေးပညာသင်တန်းကျောင်း ÷
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph: (01) 377 343, 377 344. www.tkss.com.mm FB - overseatkss

## ငါးသိုင်းချောင်းမြို့(အထက) မြတ်ဆရာပူဇော်ပွဲ

ငါးသိုင်းချောင်းမြို့(အထက)၏(၂၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၊ ကျောင်းသားဟောင်းကြီးများတွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး (၁၄၄)ဦးနှင့် ကျောင်းသားကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက

| | |
|---|---|
| **ရန်ကုန်မြို့** | - ဦးသောင်းထွန်း ဖုန်း-၀၉-၄၉၂၅၃၃၇၇ |
| | - မစူး ဖုန်း-၀၉-၄၂၀၂၅၇၈၉၄ |
| | - ဦးအုန်းမြင့် ဖုန်း-၀၉-၄၂၁၀၉၇၇၉၅ |
| **ပုသိမ်မြို့** | - ဦးဝင်းနိုင် ဖုန်း-၀၉-၄၂၂၄၇၂၈၇၄ |
| | - ဒေါ်စန်းရီ ဖုန်း-၀၉-၄၂၂၄၅၂၈၈၉ |
| **ငါးသိုင်းချောင်းမြို့** | - ကိုရဲနောင်စိုး ဖုန်း-၀၉-၇၉၉၃၈၆၆၈၉ |
| | - ကိုမောင်မောင်သော် ဖုန်း-၀၉-၂၅၀၁၁၇၈၇၈ |
| | - ကိုကျော်သူဆွေ ဖုန်း-၀၉-၇၇၇၄၄၄၈၄၇ |

တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
(၂၄)ရက် နံနက် ၄း၃၀နာရီတွင် အသင်းရုံးမှ ကားထွက်ပါမည်။)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၊ ကွင်းအမှတ် ၁၀၁/၂ မန်းသီရိဒေါအစားထိုး ဦးပိုင်အမှတ် ၄၀၅၊ ဧရိယာ ၀ဒသမ ၁၆၅ဧကရှိမြေသည် ဦးအေးလှဖြူအမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။ မြေကွက်ကို ဦးလှအေးဖြူမှ ဦးစောတာဗလူမူးသို့ ရောင်းချပြီး ၂၆-၈-၂၀၁၅ရက်တွင် အရပ်စာချုပ်ဖြင့် လက်မှတ်ရေးထိုးထားပါသည်။ ဦးစောတာဗလူမူးက မြေကွက်အား တစ်ဦးတည်းနေထိုင်အကျိုးခံစားကြောင်း ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ မြေငှားဂရန်ရရှိရေးသက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဦးစောတာဗလူမူး ၂/ဒမဆ(နိုင်)၀၄၀၉၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ အနောက်၊ မြေကွက်အမှတ် ၆၂၄/ခ၊ မြေကွက်တည်နေရာအမှတ် ၆၂၄/က၊ ရွှေပြည်သာလမ်း၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးကြည်လွင် ၁၂/သကတ(နိုင်)၁၀၉၁၁၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကြည်လွင် ဖခင်သည် ၂၅-၇-၂၀၁၄ ရက်တွင်လည်းကောင်း၊ ဒေါ်ထွေးရီ မိခင်သည် ၃-၁၁-၂၀၁၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်အေးအေးမာ ၁၂/သကတ(နိုင်)၁၀၂၄၉၃မှ ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း၊ တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံး၏ ၂၇-၁-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ် (၁၅၀၀/၂၀၁၇)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် ဆောက်လုပ်ဆဲ ၂ $\frac{1}{2}$ ထပ် Stree Structure အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်မနေ ကွင်းဆင်းသည်ကို သိရှိကြောင်း ဒေါ်အေးအေးမာမှ လက်မှတ်ရေးထိုးထားသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၀၃၅၊ မြေကွက်တည်နေရာအမှတ် ၁၀၃၅၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (ဦးသောင်းရွှေ IGU-၁၂၆၈၃၈) အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသောင်းရွှေ ၁၂/လမန(နိုင်)၀၄၁၁၉၅ထံမှ (၆၀'×၂၀')အား ၂၄-၉-၂၀၁၃ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်သန်း ၁၂/မဂတ(နိုင်)၀၀၆၀၉၅နှင့်အမည်ပေါက် ဦးသောင်းရွှေတို့မှပူးတွဲ၍ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြေချပါမစ်မူရင်းသည် သိမ်းဆည်းထားရာမှ အထားအသိမှားယွင်းပြီးပျောက်ဆုံးသွားကြောင်း၊ မြေကွက်အား အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပူးတွဲပိုင်ဆိုင်ထားကြပြီး၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမှ ကင်းရှင်းပါကြောင်း၊ မြေချပါမစ်မူရင်းအမှန်တကယ်ပျောက်ဆုံးလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှတာဝန်ယူဖြေရှင်းမည်ဟု ဝန်ခံကတိပြုကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၂၀၁၆ခုနှစ်တွင် အဆိုပါမြေကွက်ကို ဦးသောင်းရွှေမှ ပါမစ်မစုံဖြင့် ဂရန်လျှောက်ထားပြီးလိုအပ်ချက် (၃) ကြိမ်အကြောင်းကြားဖြင့် ပိတ်သိမ်းသွားပြီး ယခုပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားခြင်းအား ကွင်းဆင်းစိစစ်ရာ အဆောက်အအုံနှစ်လုံးရှိပြီး နှစ်ထပ်တိုက်တွင် ဦးအောင်သန်းနေထိုင်ပြီး ပျဉ်ထောင်သွပ်မိုးအဆောက်အအုံတွင် ဦးသောင်းရွှေမိသားစုတို့ နေထိုင်ကြပါသည်။ သို့ပါ၍ ဦးသောင်းရွှေ၊ ဦးအောင်သန်းတို့မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အာဂန်းမီးတောင်မှ မှုတ်ထုတ်သည့် ပြာပူများ၏ အန္တရာယ်ကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

**ဒန်ပါဆာ (အင်ဒိုနီးရှား) ဒီဇင်ဘာ ၂**

အာဂန်းမီးတောင်မှ မှုတ်ထုတ်သည့် ပြာပူများ၏ အန္တရာယ်ကြောင့် လေယာဉ်ပျံသန်းမှု အခြေအနေကို ထိခိုက်စေနိုင်သည့်အတွက် အင်ဒိုနီးရှား အပန်းဖြေအနားယူရာ စခန်းဖြစ်သည့် ဘာလီကျွန်းသို့ ထွက်ခွာမည့် လေယာဉ်ခရီးစဉ် အတော်များများကို ဒီဇင်ဘာ ၂ ရက်က ဖျက်သိမ်းခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

ဘာလီလေဆိပ် ပြောရေးဆိုခွင့်ရှိသူက လေဆိပ်လုပ်ငန်းဆောင်တာများကို ပုံမှန်အတိုင်း လည်ပတ်နေသော်လည်း ဂျက်စတားလိုင်းနှင့် ဗာဂျင်သြစတြေးလျ လိုင်းများမှ လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း ပြောခဲ့သည်။

ဘာလီကိုဖြတ်ကျော်ပျံသန်းမည့် လေယာဉ်ခရီးစဉ်များသည် နေ့ခင်းဘက်တွင် အဆင်ပြေသော်လည်း ညပိုင်းတွင် ခက်ခဲမှုများနှင့် ကြုံတွေ့ရကြောင်း သိရသည်။

ထို့ကြောင့် လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း ဂျက်စတားလိုင်းက ၎င်း၏လူမှုစာမျက်နှာဖြစ်သော တွစ်တာအကောင့်တွင်ပြောခဲ့သည်။

မီးတောင်ပေါက်ကွဲမှုသည် လေဆိပ်နှင့် နီးကပ်နေသောကြောင့် ဩစတြေးလျ၊ တရုတ်နှင့် အခြားနိုင်ငံများမှခရီးသွားထောင်ပေါင်းများစွာ ယင်းလေဆိပ်၌ သောင်တင်နေကြောင်း သိရသည်။ မီးတောင်မှ မှုတ်ထုတ်သည့် ပြာပူများကြောင့် လေယာဉ်ခရီးစဉ် ၂၀ ကျော်ကိုလည်း ဒီဇင်ဘာ ၁ ရက်နေ့က ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

မလေးရှား လေကြောင်းလိုင်းဖြစ်သော အဲယားအာရှာဘီအိတ်ချ်ဒီ ကဲ့သို့ လေကြောင်းလိုင်းများသည် ဘာလီသို့ နေ့ခင်းအချိန်များတွင် ပျံသန်းသော်လည်း ညအချိန်များတွင် မီးတောင်မှ မှုတ်ထုတ်သော အမှုန်များကြောင့် မြင်ကွင်းမရှင်းလင်းမှုနှင့် မီးတောင်အနီးဝန်းကျင်ရှိလေထု၏ ဦးတည်ချက် ပြောင်းလဲမှုကို ခန့်မှန်းရမလွယ်ကူသောကြောင့် ပျံသန်းခြင်းမပြုကြောင်း သိရသည်။

ထို့အပြင် မီးတောင်မှ မှုတ်ထုတ်သော အမှုန်များသည် လေယာဉ်၏ အင်ဂျင်ကို ထိခိုက်နိုင်သောကြောင့် လေယာဉ်ပျံသန်းမှုများကို မပြုလုပ်ကြောင်းလည်း သိရသည်။

**ရိုက်တာ**





# တရုတ် ကွန်မြူနစ်ပါတီက တိုးတက်မှုများကို တစ်ကမ္ဘာလုံးနှင့် မျှဝေသွားမည်

**ပေကျင်း ဒီဇင်ဘာ ၂**

တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး သမ္မတရှီကျင့်ဖျင်က တရုတ်ကွန်မြူနစ်ပါတီ အနေဖြင့် တခြားမည်သည့် နိုင်ငံ၏ပုံစံကိုမှထပ်တူပြုကာ ဆောင်ရွက်မည် မဟုတ်ကြောင်း တရုတ်နိုင်ငံပေကျင်းမြို့တော်တွင် ကျင်းပပြုလုပ်နေသော တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ အဆင့်မြင့်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူများနှင့် လူသားထုတစ်ရပ်လုံး၏ အကျိုးစီးပွားအခြေအနေများ တိုးတက်မှုအတွက် ဆောင်ရွက်နေကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြင့်လာစေခြင်းဖြင့် တစ်ကမ္ဘာလုံးအတွက် အခွင့်အလမ်းများကို ဖန်တီးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။



တရုတ်ကွန်မြူနစ်ပါတီသည် ကမ္ဘာပေါ်တွင်အကြီးမားဆုံးနိုင်ငံရေးပါတီဖြစ်ကြောင်းနှင့် လူသားမျိုးနွယ်အတွက် လူမှုဖွံ့ဖြိုးတိုးတက်မှု ဥပဒေများကို စူးစမ်းရှာဖွေသွားမည်ဖြစ်သည်။

ထို့အတူ အခြားနိုင်ငံများသို့လည်း မျှဝေသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဒမတ်စကတ်အနီးရှိ စစ်အခြေစိုက်စခန်းကို အစ္စရေးဒုံးကျည်တိုက်ခိုက်မှုပြုလုပ်

**ဘေရွတ် ဒီဇင်ဘာ ၂**

အစ္စရေးသည် ဒမတ်စကတ်အနီးရှိ စစ်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်များဖြင့် ညလုံးပေါက် တိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။ သို့သော်လည်း ဆီးရီးယားလေကြောင်း ကာကွယ်ရေးစနစ်က အဆိုပါ တိုက်ခိုက်မှုများကို ခုခံချေဖျက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းများတွင် ဒီဇင်ဘာ ၂ ရက်က ဖော်ပြခဲ့သည်။

အစ္စရေးဒုံးကျည်တိုက်ခိုက်မှုကြောင့် ပစ္စည်းအချို့ဆုံးရှုံးပျက်စီးခဲ့ကြောင်း အဆိုပါ ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းတွင် ဆက်လက်ဖော်ပြခဲ့သည်။

သို့သော်လည်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက အဆိုပါ သတင်းဖော်ပြမှုများကို ငြင်းဆိုထားကြောင်း သိရသည်။

**ရိုက်တာ**

# ဂျပန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဓာတုစက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးခန့် ဒဏ်ရာရ

**တိုကျို ဒီဇင်ဘာ ၂**

ဂျပန်နိုင်ငံ အရှေ့တောင်ပိုင်း ရှီဇိုကာစီရင်စု ဖူဂျီမြို့ရှိ ဓာတုစက်ရုံတစ်ခုပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေလုနီးပါးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီးသတ်ဌာန၏ သတင်းရင်းမြစ်များကို ကိုးကား၍ ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။



မီးသတ်ဌာန၏ အဆိုအရ ဓာတုစက်ရုံတစ်ခုပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် သတင်းကို ယမန်နေ့က ရရှိခဲ့ကြောင်း သိရသည်။

ဓာတုစက်ရုံ ပေါက်ကွဲမှုကြောင့် ကောင်းကင်ပေါ်သို့ မီးခိုးလုံးကြီးများတက်သွားခဲ့ကြောင်း၊ မီးသတ်သမားများကလည်း မီးများကိုငြိမ်းသတ်ခဲ့ရကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနတစ်ခုတွင် ဖော်ပြခဲ့သည်။

မီးလောင်သည့်နေရာအနီးတစ်ဝိုက်ရှိ နေထိုင်သူများအား ပြောင်းရွှေ့ရန် အကြံပြုထားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ အစိုးရက ပြောခဲ့သည်။

မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ဓာတုစက်ရုံသည် အာရာကာဝ ဓာတုကုမ္ပဏီပိုင်စက်ရုံတစ်ခု ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံသည် စက္ကူထုတ်ရန်၊ ပုံနှိပ်မင်များတွင် သုံးသည့်ကော်စေးများ စသည့် ဓာတုပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် ကျင်းပမည့် ကုလ အစည်းအဝေး၌ မြောက်ကိုရီးယားအရေး ဆွေးနွေးမည်




**တိုကျို ဒီဇင်ဘာ ၂**

ကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီးက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သီးခြားအစည်းအဝေးကို ယခုလတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များနှင့် လူ့အခွင့်အရေး အလွဲသုံးမှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၂ ရက်က ဖော်ပြခဲ့သည်။

ဒီဇင်ဘာလ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သီးခြားအစည်းအဝေးတွင် ဂျပန်နိုင်ငံကဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ကုလသမဂ္ဂသံအမတ်ကြီး ကိုရိုဘက်စ်ရှိုက သတင်းထောက်များကို ပြောခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည့် ယင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအစည်းအဝေးတွင် မြောက်ကိုရီးယားနိုင်ငံကို နျူကလီးယားအစီအစဉ် ဆက်လက်လုပ်ဆောင်မှုမပြုရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး စက်တင်ဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်းဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံအနေဖြင့် နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် လုံခြုံရေးကောင်စီမှ ယခုလကုန်တွင်ထွက်ခွာ မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံ ကွမ်တုံကမ်းလွန်၌ သင်္ဘောတစ်စင်းနစ်

ပေကျင်း ဒီဇင်ဘာ ၂

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကမ်းလွန်တစ်နေရာတွင် သင်္ဘောတစ်စင်းနစ်မြုပ်ရာ လူနှစ်ဦး၏ ရုပ်အလောင်းကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး လူသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၁ ရက်က ဖော်ပြခဲ့သည်။

စတီးနှင့်သံများ တန် ၅၀၀၀ခန့် တင်ဆောင်လာသော ကုန်တင်သင်္ဘောနှစ်စင်း တနင်္လာနေ့ နံနက်ဝေလီဝေလင်းတွင် တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း၊ ထိုတိုက်မိမှုကြောင့် သင်္ဘောတစ်စင်းနစ်မြုပ်သွားကြောင်း ပြည်နယ်ရေကြောင်းအရာရှိများက ပြောသည်။

သင်္ဘောနှစ်စင်း တိုက်မိမှုဖြစ်ပွားချိန်တွင် လူ ၁၂ ဦးသင်္ဘောပေါ်တွင်ရှိကာ ခုနစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ပုလဲမြစ်ဝတွင် ပျောက်ဆုံးနေသော သင်္ဘောသားများကို ရှာဖွေရန်အတွက် ရေငုပ်သမား ၄၅ ဦးကို စေလွှတ်ထားကြောင်း သိရသည်။ ကယ်ဆယ်ရှာဖွေမှုများကို လုပ်ဆောင်နေသောကြောင့် အခင်းဖြစ်ပွားရာ ရေပြင်ကိုပိတ်ဆို့ထားကြောင်း သိရသည်။

ကယ်ဆယ်ခဲ့သော သင်္ဘောသား ခုနစ်ဦးအနက် တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ကျန်တစ်ဦးကို ဆေးဝါးကြပ်မတ်ကုသလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### အင်ဒိုနီးရှားနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၂၀ ကျော် အသက်ဆုံးရှုံး

ဂျကာတာ ဒီဇင်ဘာ ၂

အင်ဒိုနီးရှားနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်မှုကြောင့် လူ ၂၀ ကျော် သေဆုံးကာ နေအိမ် ၁၇၀၉ လုံးတို့ပျက်စီးဆုံးရှုံးခဲ့ရကြောင်း အင်ဒိုနီးရှားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက သတင်းပေးပို့ခဲ့သည်ဟု အာဏာပိုင် တစ်ဦးက ပြောကြားသည်။

သဘာဝဘေးကြောင့် လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူ ၁၈၇၉ ဦးတို့ နေအိမ်များမှထွက်ပြေးကာ ဘေးလွတ်ရာ ဧရိယာများရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံများဆီသို့ ထွက်ပြေးခဲ့ကြရကြောင်း သဘာဝဘေး စီမံခန့်ခွဲမှု အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဟူတိုပိုပါဝိုက ပြောသည်။

သဘာဝဘေးဆိုင်ရာ အကူအညီများကိုပေးအပ်နိုင်ရန် စွန့်စားဆောင်ရွက်နေကြောင်း မုန်တိုင်းသင့်နေရာများအားလုံးသို့ အကူအညီရောက်ရှိနိုင်လိမ့်မည် မဟုတ်ကြောင်း ၎င်းကဆင်ဟွာသို့ ပြောကြားခဲ့သည်။

အစားအစာများ၊ကလေးဖြည့်စွက်အာဟာရများ၊ ဆေးဝါးများနှင့် အခြားကူညီထောက်ပံ့ရေး ပစ္စည်းများကို သဘာဝဘေးသင့် ပြည်သူများထံသို့ အဆက်မပြတ်ပို့ဆောင်ပေးနေကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆက်တိုက် ရွေးကောက်ပွဲနှစ်ခုကြား စီးပွားရေးပြိုလဲခဲ့ရတဲ့ ကင်ညာ

**မြူးစန္ဒီမွေး**



**ဖလော်ရင့် မာကူဟာ အဝတ်အထည်အဟောင်းတွေ ရောင်းချတာကနေ တစ်နေ့ကို ၁၀ ဒေါ်လာ ပုံမှန်ဝင်ငွေရပါတယ်။ အဲဒီ လောက်ပိုက်ဆံနဲ့ဆိုရင် သူ့ကလေးသုံးယောက်ကို ကောင်းကောင်းကျွေးမွေးထားနိုင်ပြီး အိမ်ငှားခအတွက်လည်း စိတ်ပူစရာမလိုပါဘူး။ ဒါကတော့ ကင်ညာနိုင်ငံမှာ စီးပွားရေးကောင်းစဉ်အခါက ဖြစ်ရပ်ပဲဖြစ်ပြီး အခုအခါမှာတော့ ဒီလိုမဟုတ်တော့ပါဘူး။**

ကီဘာရာမှာမြို့တော် သာမက ကင်ညာနိုင်ငံရဲ့ နေရာတိုင်းမှာပါ စီးပွားရေးမကောင်းတော့ပါဘူး။ အစိုးရကတော့ ဒီလိုဖြစ်ရတာဟာ မိုးခေါင်မှုနဲ့ ရေနံဈေးမြင့်တက်မှုကြောင့်လို့ အပြစ်ပုံချပေမယ့် ကင်ညာနိုင်ငံရဲ့စီးပွားရေးကို တကယ်တမ်းရိုက်ခတ်သွားစေတာကတော့ နိုင်ငံရေး မတည်ငြိမ်မှုကြောင့်ပါပဲ။

ကင်ညာနိုင်ငံဟာ ရှည်လျားပြီး အကြမ်းဖက်မှုတွေအများကြီး ဖြစ်ပွားခဲ့တဲ့ ရွေးကောက်ပွဲကာလကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာတော့ မစ္စတာ Uhuru Kenyatta ဟာ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့ပါတယ်။ ဒါဟာ သူ့အတွက်တော့ ဒုတိယမြောက် သက်တမ်းလည်းဖြစ်ပါတယ်။ သူသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးတဲ့နောက် လူအများက ကင်ညာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုတွေ အဆုံးသတ်တော့မယ်လို့ မျှော်လင့်ကြပါတယ်။ ဒါပေမယ့်လည်း တိုင်းပြည်ရဲ့စီးပွားရေးကတော့ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ပါပြီ။

နိုင်ငံတစ်နိုင်ငံရဲ့နိုင်ငံရေးအခြေအနေ မတည်ငြိမ်ရင် တိုင်းပြည်အတွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံသူတွေ စိတ်ပျက်ကြပါတယ်။ ရွေးကောက်ပွဲရာသီရောက်ရင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးသွားတာကို ရင်းနှီးမြှုပ်နှံသူတိုင်း သိကြပါတယ်။ မဲပေးတဲ့ နေ့မတိုင်မီနေ့ရက်တွေမှာ ကုန်သွယ်မှုတစ်ဟုန်ထိုးကျဆင်းသွားတယ်။ ပြီးတော့ ဒီနှစ်က အခြားနှစ်တွေနဲ့မတူတာကတော့ ကင်ညာနိုင်ငံမှာ သမ္မတ ရွေးကောက်ပွဲနှစ်ကြိမ်ကျင်းပခဲ့ရတယ်။ ရွေးကောက်ပွဲနှစ်ကြိမ်ကျင်းပရတဲ့အတွက် ရွေးကောက်ပွဲကာလဟာလည်း သုံးလလောက် ကြာမြင့်သွားတယ်။ မစ္စတာ Kenyatta ဟာ ဩဂုတ်လကတည်းက ရွေးကောက်ပွဲမှာ သူ့ရဲ့ပြိုင်ဘက် ရေးလ်လာအိုဒင်ဂါကို အနိုင်ရပြီး ပြန်လည်ရွေးကောက်ခံ ခဲ့ရပါတယ်။ ဒီရလဒ်ကို မစ္စတာအိုဒင်ဂါက မကျေနပ်တဲ့အတွက်စိန်ခေါ်မှုပြုလုပ်ခဲ့ပြီး စက်တင်ဘာလမှာတော့ မစ္စတာ Kenyatta ရဲ့ အနိုင်ရရှိမှုကို ဖျက်သိမ်းခဲ့တယ်။ ကင်ညာနိုင်ငံရဲ့ ဒီမိုကရေစီအတွက် နောက်တစ်ကြိမ်ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါတယ်။ ဒီအချက်တွေကြောင့် ရွေးကောက်ပွဲကာလဟာ ပိုမိုကြာရှည်ခဲ့ပြီး နိုင်ငံရဲ့ စီးပွားရေးကို ထိခိုက်စေခဲ့ပါတယ်။ ရွေးကောက်ပွဲ နှစ်ကြိမ်ကျင်းပခဲ့ရမှုရဲ့ နောက်မှာ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုတွေနဲ့ အကြမ်းဖက်မှုတွေဟာလည်း နောက်ဆက်တွဲပါလာခဲ့ပါတယ်။ မစ္စတာအိုဒင်ဂါဟာ ဒုတိယအကြိမ်ကျင်းပမယ့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်တဲ့အခါမှာလည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေမှာ ချို့ယွင်းချက်ရှိတယ်ဆိုပြီး မဲဆွယ်စည်းရုံးမှုကနေ နုတ်ထွက်သွားခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတော့မဲပေးမှုတိုင်းဟာ လွတ်လပ်ပြီးတရားမျှတတယ်လို့ သတိပေးခဲ့ပါတယ်။ ဝေဖန်မှုတွေ ဘယ်လိုပဲရှိရှိ ရွေးကောက်ပွဲကို ဆက်လက်ကျင်းပခဲ့ရာမှာတော့ပြိုင်ဘက်ပါတီက သပိတ်မှောက်ခဲ့ပြီး၊ မစ္စတာ Kenyatta က မဲ ၉၈ ရာခိုင်နှုန်းရရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်တစ်လျှောက်မှာတော့ ကင်ညာနိုင်ငံရဲ့စီးပွားရေးဟာ သိသိသာသာကြီး ထိုးနှက်ခံလိုက်ရပါတယ်။

ဩဂုတ်လဟာ ကင်ညာနိုင်ငံရဲ့ခရီးသွားတွေ အများဆုံးဝင်ရောက်တဲ့လလည်း ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ နိုင်ငံရဲ့စီးပွားရေးကို အဓိကထောက်ကန်ပေးနေတဲ့ လုပ်ငန်းလည်းဖြစ်တယ်။ ဒါပေမယ့်လည်း ဒီနှစ်မှာတော့ ခရီးသွားတွေ အများဆုံးဝင်ရောက်တဲ့လဟာ ရွေးကောက်ပွဲကာလနဲ့သွားတိုက်နေတော့ နိုင်ငံအတွင်းကို ခရီးသွား ၁၅ ရာခိုင်နှုန်းသာ ဝင်ရောက်ခဲ့ပါတယ်။ ကင်ညာနိုင်ငံရဲ့ အမျိုးသားစာရင်းအင်းဗျူရိုရဲ့ စာရင်းအချက်အလက် ဖော်ပြမှုတွေအရ အခြားသော စီးပွားရေးလုပ်ငန်းတွေမှာလည်း ဒီလိုမျိုးလျော့ကျသွားတယ်လို့ ဖော်ပြထားပါတယ်။ အဓိကထုတ်လုပ်မှု စွမ်းအားဟာလည်း အရင်နှစ်က ဒီလိုအချိန်နဲ့ နှိုင်းယှဉ်ကြည့်ရင် ၂၀ ရာခိုင်နှုန်းကျဆင်းသွားတာကို တွေ့ရပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလည်း ဒီလိုပါပဲ။ စိုက်ပျိုးရေးကျဆင်းမှုကတော့ မိုးခေါင်မှုကြောင့်ပါလို့ စာရင်းအချက်အလက်ဗျူရိုက ဖော်ပြထားပါတယ်။ ဘဏ္ဍာရေးဝန်ကြီးကတော့ ဒီနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ငါးရာခိုင်နှုန်းလို့ ခန့်မှန်းထားပါတယ်။ ဒါဟာလည်း အရင်နှစ်တွေကထက် စာရင်းအလွန်နည်းတဲ့ ပမာဏပါပဲ။


ဒါဟာ နိုင်ငံရဲ့အဓိက စီးပွားရေးလုပ်ငန်းတွေကိုပဲ စာရင်းကောက်ယူတွက်ချက်ထားတာဖြစ်ပြီး အခြေခံလူတန်းစား စီးပွားရေးကိုတော့ ထည့်သွင်းမစဉ်းစားထားပါဘူး။ မာကူတို့လို လမ်းဘေးအထည်ရောင်းတဲ့ ဈေးသည်တွေရဲ့ဝင်ငွေဟာလည်း ထက်ဝက်နီးပါးလျော့ကျသွားပါတယ်။ အရင်တုန်းက တစ်နေ့မှာ ဝင်ငွေ ၁၀ ဒေါ်လာလောက် ရခဲ့ပေမယ့် အခုအချိန်မှာတော့ ၅ ဒေါ်လာသာဝင်ငွေရှိပါတော့တယ်။ ဒီတော့ မိသားစုစားဝတ်နေရေးဟာ အရင်လို မချောင်လည်တော့ဘဲကျပ်တည်းလာပါတယ်။ ဒီလိုပါပဲ နိုင်ရိုဘီမြို့ရဲ့ အနီးအနားပတ်ဝန်းကျင်မြို့တွေက လူတွေဟာလည်း မချောင်လည်ကြပါဘူး။ အများစုက ဆင်းရဲသား လက်လုပ်လက်စားတွေပါပဲ။ တိုင်းပြည်ရဲ့ စီးပွားရေးကျဆင်းမှုနဲ့အတူ အရင်ဆုံး အထိနာကြတာကတော့ ဒီလူတွေပါပဲ။ အသေးစားနဲ့ အလတ်စားရောင်းဝယ်ဖောက်ကားကြသူတွေ ပြောကြတာကတော့ ရွေးကောက်ပွဲနှစ်ကြိမ်ပြုလုပ်ရမှုနဲ့ နိုင်ငံရေးအရ မကျေနပ်မှုတွေကြောင့် ဆန္ဒပြမှုတွေပြုလုပ်ခဲ့တဲ့အတွက် သူတို့ရဲ့ ရောင်းဝယ်ဖောက်ကားမှုကို အဓိကအနှောင့်အယှက်အဟန့်အတား ဖြစ်စေခဲ့တယ်လို့ ဆိုပါတယ်။ လမ်းမထက်က ဆန္ဒပြပွဲတွေကြောင့် ဝယ်သူတွေဟာ အပြင်ထွက်ပြီး ဈေးမဝယ်ရဲတော့သလို ဆိုင်ရှင်တွေဟာလည်း သူတို့ရဲ့ပစ္စည်းတွေ လုယက်ဖျက်ဆီးခံရမှာစိုးလို့ ဆိုင်မဖွင့်ရဲကြပါဘူး။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေကြောင့် သာမန်လူတန်းစားတွေဟာ ထောက်ခံတဲ့ဘက်မတူညီကြဘဲ လမ်းပေါ်မှာပဲ အချင်းများလာကြပါတယ်။ တစ်ခါကဆိုရင် နိုင်ငံရေးဆိုင်ရာ အမြင်မတူညီမှုကြောင့် အကျီဆိုင်မှာ ဈေးဝယ်ရင်းတောင် ဝယ်သူအမျိုးသားနှစ်ဦးဟာ တစ်ဖက်နဲ့တစ်ဖက် ဘက်ပြိုင်ရင်း ရန်ဖြစ်ကြပါတယ်။ ဒီဖြစ်ရပ်ကိုကြည့်ရင် နိုင်ငံရေးအငြင်းပွားမှုဟာ သာမန်လူတန်းစားပြည်သူတွေအထိ စိမ့်ဝင်လာတာကို ပြသနေတာပါပဲ။


လက်ရှိမှာ ကင်ညာသမ္မတအဖြစ် မစ္စတာ Kenyatta က ကျမ်းသစ္စာကျိန်ဆိုဖို့ပြင်ဆင်နေတဲ့အချိန်မှာ သူ့ရဲ့ ပြိုင်ဘက်ဖြစ်သူ မစ္စတာအိုဒင်ဂါဟာလည်း ပြည်သူ့သမ္မတအဖြစ် အပြိုင်ကျမ်းသစ္စာကျိန်ဆိုဖို့ ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာတော့ မစ္စတာအိုဒင်ဂါဟာ သူ့ရဲ့အစီအစဉ်ကို ဖျက်သိမ်းလိုက်ပါတယ်။ လာမယ့်လအတွင်း ကင်ညာနိုင်ငံရဲ့လွတ်လပ်ရေးနေ့အထိမ်းအမှတ် နှစ်ပတ်လည် အခမ်းအနားမှာတော့ မစ္စတာအိုဒင်ဂါဟာ ကျမ်းသစ္စာကျိန်ဆိုမယ်လို့ ပြောကြားခဲ့ပါတယ်။ အောက်တိုဘာလအတွင်းမှာ အာဏာရပါတီကို ထောက်ခံသူတွေနဲ့ အတိုက်အခံဘက်ကို ထောက်ခံသူတွေရဲ့ ဆန္ဒပြပွဲတွေကြား ဆိုင်တွေလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။ မစ္စတာအိုဒင်ဂါ မိန့်ခွန်းပြောနေစဉ်အတွင်း ရဲတွေရဲ့ မျက်ရည်ယိုဗုံးနဲ့ ပစ်ခတ်မှုကြောင့် လူစုခွဲလိုက်ရပြီး ပစ်ခတ်မှုတွေကြောင့် လူငါးဦးပစ်ခတ်ခံခဲ့ရတယ်လို့ အတိုက်အခံဘက်ကပြောပါတယ်။ မစ္စတာအိုဒင်ဂါဘက်က ဒီလိုမျိုးရန်လိုတဲ့ အပြုအမူတွေ ဆက်လုပ်နေဦးမယ်ဆိုရင် တည်ငြိမ်အေးချမ်းမှုတွေ ပြန်ရဖို့ဆိုတာ မလွယ်သေးပါဘူး။ လူအများစုကတော့ သူတို့ရဲ့နိုင်ငံရေးရပ်တည်ချက်ဘယ်လိုပဲရှိရှိ သာမန်အေးချမ်းတဲ့ဘဝကိုပဲ လိုချင်ကြတာပါပဲ။ မာကူလို လမ်းဘေးအထည်ရောင်းချတဲ့လူတွေအဆင်မပြေသလို အရွယ်ရောက်ပြီးသား လူငယ်အချို့ဟာလည်း စီးပွားရေးအဆင်မပြေလို့ လက်ထပ်ဖို့မစဉ်းစားနိုင်သေးပါဘူး။ ဖုန်းငွေဖြည့်ကတ်ရောင်းတဲ့ အန်နာမဝမ်ဒါဟာလည်း အရင်လို စီးပွားရေးအဆင်မပြေလို့ မိသားစုရှိရာ နယ်ကိုပြန်ဖို့ အဆင်မပြေသေးပါဘူး။ နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် ခရီးသွားတွေ မဝင်ကြတော့ ခရီးသွားတွေကို တည်မှီပြီး စီးပွားရေးလုပ်ကိုင်နေကြတဲ့ လူတွေလည်း အထိနာကြပါတယ်။

မစ္စတာ Uhuru Kenyatta သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရပြီး နိုင်ငံရေးတည်ငြိမ်အေးချမ်းဖို့ မျှော်လင့်ကြတာလည်း မဆန်းပါဘူး။ နိုင်ငံရေးတည်ငြိမ်မှုသာ စီးပွားရေးပြန်လည်နာလန်ထူနိုင်မှာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေမတည်ငြိမ်ရင် စီးပွားရေးလည်း ပြိုလဲပြီးလုပ်ငန်းကြီးတွေသာမက အခြေခံလူတန်းစားတွေရဲ့ စီးပွားရေးဟာလည်း ထိခိုက်တယ်ဆိုတာကို ကင်ညာနိုင်ငံရဲ့ အဖြစ်အပျက်က သက်သေပြလျက်ရှိပါတယ်။


**ကိုးကား-နယူးယောက်တိုင်းမ်**


> **“နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး အခြေအနေ မတည်ငြိမ်ရင် တိုင်းပြည်အတွင်းမှာ လာရောက် ရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံသူတွေ စိတ်ပျက်ကြပါတယ်။ ရွေးကောက်ပွဲရာသီ ရောက်ရင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးသွားတာကို ရင်းနှီးမြှုပ်နှံသူတိုင်း သိကြပါတယ်။ မဲပေးတဲ့နေ့မတိုင်မီ နေ့ရက်တွေမှာ ကုန်သွယ်မှု တစ်ဟုန်ထိုးကျဆင်းသွားတယ်”**



HTOO











# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအကြောင်း သိကောင်းစရာ

ဒေါ်လှမျိုးနွယ်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏အရေးကြီးပုံ**

ယနေ့ကမ္ဘာနှင့်တစ်ဝန်း ကြုံတွေ့နေရသည့် စိန်ခေါ်မှု အမြောက်အမြားတွင် စီးပွားရေးအကျပ်အတည်းများကို တွန်းအားပေးဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများ၊ ပညာရှင်ယိုစီးမှုပြဿနာများ၊ လူသားအရင်းအမြစ်များအစုလိုက်အပြုံလိုက် ယိုစီးမှုပြဿနာများ၊ သဘာဝပတ်ဝန်းကျင် ကြီးမားစွာ ထိခိုက်ပျက်စီးမှုများ၊ ဒုက္ခသည်များအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းနေထိုင်မှုများ၊ တရားမဝင်ဝင်ရောက်မှုများ၊ အလုပ်လက်မဲ့ဦးရေတိုးပွားမှုများ အစရှိသည့် ပြဿနာပေါင်းစုံပါဝင်နေပါသည်။

အထူးသဖြင့် ပြည်တွင်းသောင်းကျန်းမှု၊ ပြည်တွင်းမတည်ငြိမ်မှုပြဿနာများနှင့် သမိုင်းတစ်လျှောက်ကြုံတွေ့ခဲ့ကြရသော နိုင်ငံများအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အလုံးစုံပါဝင်ရေး၊ သယံဇာတပစ္စည်းများက ထွက်ပေါ်လာသည့် အကျိုးအမြတ်ခံစားခွင့်များကို မျှတစွာခွဲဝေယူရေး အစရှိသော ကိစ္စများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ ဆက်စပ် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများဖြစ်ခဲ့ပါသည်။

မြောက်မြားလှစွာသော စိန်ခေါ်မှုများကို ကြုံတွေ့လာရချိန်၌ နိုင်ငံတကာလူ့အဖွဲ့အစည်းသည် ဒီမိုကရေစီစနစ် ခိုင်မာစွာ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ပိုမိုနားလည်သိရှိလာကြသကဲ့သို့ ပို၍လည်း အားထားလာကြပါသည်။ သို့နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ နိုင်ငံတည်ဆောက်မှု၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုတို့အတွက် ဦးဆောင်နိုင်မည့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး ကြိုးပမ်းချက်များ ထင်ဟပ်လာပါသည်။ တရားဥပဒေစိုးမိုးရေး ခိုင်မာစွာ တည်ဆောက်အကောင်အထည်ဖော်နိုင်ရန်အတွက် မဏ္ဍိုင်ကြီးသုံးရပ်၏ ကြီးကြပ်ကွပ်ကဲမှု၊ အပြန်အလှန်စစ်ဆေးကြပ်မတ်မှု၏ အရေးကြီးပုံကိုလည်း ဦးစားပေးလာကြပါသည်။ ထို့အတူ နိုင်ငံသားများ၏ မူလ သို့မဟုတ် အခြေခံအခွင့်အရေးများကို အကာအကွယ်ပေးရေး အခန်းကဏ္ဍကိုလည်း ရှေ့တန်းတင်လာကြပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြသူများသည် အခြေခံဥပဒေတွင် အတိအလင်းရေးသားဖော်ပြရမည့် ပြဋ္ဌာန်းချက်များအတွက် သက်သက်သာ စဉ်းစားတွေးခေါ်မှုမပြုကြဘဲ အများအကျိုးအတွက် ခိုင်မာသည့်မူများ၊ ဖြစ်နိုင်ဖွယ်ရှိသည့် စနစ်တကျ စီမံဆောင်ရွက်မှုများ၊ လူအများတို့က နှစ်ရှည်လများ လက်ခံလိုက်နာခဲ့သည့် အလေ့အကျင့်ကောင်းများ၊ အစဉ်အလာကောင်းများ၊ တန်ဖိုးထားမှုများ၊ ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများအတွက် ဖြေရှင်းရန်နည်းလမ်းကောင်းများကိုပါ ထည့်သွင်းတွက်ချက်လာရပါသည်။

ဤအခြေခံအကြောင်းတရားကြောင့် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖြစ်စေ အသေးစိတ်လေ့လာလျှင် ပြဋ္ဌာန်းချက်တစ်ခုချင်းတို့သည် သီးခြားရပ်တည်နေခြင်းမဟုတ်ဘဲ ဆက်နွယ်နေသော ပြဋ္ဌာန်းချက်များ၊ ဆက်စပ်စဉ်းစားရမည့် ဥပဒေများ၊ အခြားအရင်းအမြစ်များ၊ သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူမှုစီးပွားဆိုင်ရာပတ်ဝန်းကျင် အကြောင်းအချက်များ၊ ဝိသေသလက္ခဏာများနှင့်ပါ အပြန်အလှန်ဆက်စပ်ကြောင်း တွေ့ရှိနိုင်ပါသည်။

တစ်နည်းအားဖြင့်ပြောရလျှင် လူ့အဖွဲ့အစည်းတစ်ခုချင်း၏ စံချိန်စံနှုန်းများ၊ တန်ဖိုးများ၊ အစဉ်အလာများ၊ဓလေ့ထုံးစံများ၊နိုင်ငံကျင့်စဉ်များ၊ ဥပဒေ၏အခြားအရင်းအမြစ်များဖြစ်ကြသော ပြဋ္ဌာန်းဥပဒေ၊ ဥပဒေကဲ့သို့အာဏာတည်သောမူများ၊ ဥပဒေ၏အခြေခံသဘောတရားများ၊ သမိုင်းဆိုင်ရာကြုံတွေ့မှု အခြေအနေနှင့် ပြောင်းလဲမှုဖြစ်စဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ဖွင့်ဆိုရန်၊ နားလည်စေရန်အတွက် တစ်ဖက်တစ်လမ်းက ညွှန်ပြနေကြောင်း၊ အထောက်အပံ့ပြုနေကြောင်း တွေ့နိုင်ပါသည်။

Constitutional Law ဆိုရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ သဘောတရားနှင့် အတွေးအခေါ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူများ၊တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုအဖွဲ့၏ ရည်မှန်းချက်နှင့်တာဝန်များ၊ အစိုးရ၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့၏ ရည်မှန်းချက်နှင့် ဦးဆောင်မှုအခန်းကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရည်မှန်းချက်၊ တရားစီရင်ရေး အခွင့်အာဏာလွှဲအပ်မှုများ၊ Constitutional Review ဟု ခေါ်ဆိုသော နိုင်ငံ၏မဏ္ဍိုင်ကြီးသုံးရပ်အကြား အပြန်အလှန်ကြပ်မတ်စစ်ဆေးမှုသဘောတရား၊ လူ့အခွင့်အရေးဆိုင်ရာ ယဉ်ကျေးမှုတည်ဆောက်ရေး၊ ( Culture of Human Right) သဘောတရားစသော အလွန်ကျယ်ပြန့်သည့် ကဏ္ဍပေါင်းစုံပါဝင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကြသူများသည် ကနဦးတွင် ဥပဒေနှင့် နိုင်ငံရေးရှုထောင့်များကို ခွဲခြားချဉ်းကပ်၍ ပုံဖော်တတ်ကြပါသည်။ ဥပဒေရှုထောင့်ကို အဓိကရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အခြားဥပဒေအားလုံးအပေါ် အာဏာလွှမ်းမိုးသက်ဝင်မှုသဘောတရား၊ ဥပဒေအားလုံး၏အထွတ်အထိပ်သဘောတရား(Highest Law) များကို အလေးထားပြီး ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို သတ်မှတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများအတွက် တရားစွဲဆိုခွင့်ပြုခြင်းများကို ဦးတည်ချက်ထားပါသည်။ ထို့အပြင် Constitutional Review အပြန်အလှန်ကြပ်မတ်စစ်ဆေးမှုသဘောတရား၏ အရေးကြီးမှုကိုလည်း အသိအမှတ်ပြုလာကြပါသည်။ အပြန်အလှန်ကြပ်မတ်စစ်ဆေးရာတွင် မည်သည့်အတိုင်းအတာအထိခွင့်ပြုမည်၊ မပြုမည်ဆိုသောအချက်မှာမူ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများက စဉ်းစားသည့် နိုင်ငံရေးနောက်ခံသမိုင်း၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ အာဏာခွဲဝေမှုစသော အကြောင်းတရားများအပေါ်မူတည်၍ ကွဲပြားခြားနားပါသည်။

နိုင်ငံရေးရှုထောင့်က ချဉ်းကပ်ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပုံဖော်လိုသူများကမူ နိုင်ငံက ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကပြဿနာများအား ကြီးမားကျယ်ပြန့်သည့် နိုင်ငံရေးမူဘောင်အတွင်းမှ နိုင်ငံရေးလမ်းစဉ်အရ ဖြေရှင်းခြင်းကို ဦးစားပေးကြပါသည်။ သို့သော် အခြားတစ်ဖက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည့်အခြေခံမူများ၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အနာဂတ်နိုင်ငံရေးလောကတွင် အလျော့အတင်းများမပြုလုပ်နိုင်ရန်အတွက် ဥပဒေအကာအကွယ်ပေးမှု၏ အရေးပါပုံကိုလည်း အလေးထားလာကြပါသည်။

ခေတ်သစ်ဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာသည်နှင့်အမျှ အခြေခံဥပဒေရေးဆွဲသူများသည်လည်း ဥပဒေနှင့် နိုင်ငံရေးရှုထောင့်နှစ်ရပ်စလုံးအပေါ် မျှတစွာချင့်ချိန်မှုများပြုလုပ်ရန် လိုအပ်ပုံကို လက်ခံလာကြရပါသည်။ အထူးသဖြင့် နောက်ပိုင်းကာလများတွင် နိုင်ငံ၏မဏ္ဍိုင်များအားလုံးအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေက လွှမ်းမိုးချုပ်ကိုင်မှုရှိစေရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအာဏာသက်ဝင်စေရေးကိစ္စများကို အဓိကအနှစ်သာရအဖြစ် ရည်ရွယ်လာပါသည်။ ကမ္ဘာနှင့်တစ်ဝန်း တစ်နေ့တခြား ရင်ဆိုင်ကြုံတွေ့လာကြရသည့် စိန်ခေါ်မှုပြဿနာများအပေါ် တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းရန်ဆိုသော အယူအဆများ တိုးတက်မြင့်မားလာမှုနှင့်အတူ နိုင်ငံ၏မဏ္ဍိုင်များအကြား အပြန်အလှန်ကြပ်မတ်စစ်ဆေးရေးက ပေါ်ထွက်လာသော ရလဒ်ကောင်းများကို ပို၍အားထားလာကြပါသည်။ ဤသဘောတရားများ ဖြစ်ထွန်းလာသည်နှင့်အမျှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ခုံရုံးများကို သီးခြားထူထောင်တာဝန်ပေးအပ်ခြင်း အခန်းကဏ္ဍမှာလည်း ပိုမိုအရေးပါလာပါသည်။

> **“မြန်မာနိုင်ငံတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ပေါ်ပေါက်လာသည့် အခြေခံကိုလေ့လာလျှင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုက်ရိုက် ပေါ်ပေါက်လာသော Extra Judicial Body ဟုခေါ်သော သီးခြား တရားစီရင်ရေး အဖွဲ့အစည်း တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိနိုင်”**

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးပေါ်ပေါက်လာခြင်း**

ယေဘုယျအားဖြင့် Common Law ဥပဒေစနစ်ကျင့်သုံးသည့် နိုင်ငံအများစုတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီးခြားတရားရုံးများထူထောင်ခြင်းမပြုဘဲ တရားလွှတ်တော်ချုပ် (Supreme Court) ကိုသာ ပူးတွဲတာဝန်ပေးလေ့ရှိသော်လည်း ဒီမိုကရေစီပိုမိုထွန်းကားလာသည်နှင့်အမျှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ်၏ အခန်းကဏ္ဍသည်လည်း တိုးတက်မြင့်မားလာပါသည်။ သို့နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံးများကို သီးခြားထူထောင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး အခွင့်အာဏာအပြည့်အဝအပ်နှင်းမှုသည်လည်း ကမ္ဘာနှင့်တစ်ဝန်းပိုမိုကျယ်ပြန့်လာခဲ့ပါသည်။ ၁၈-၅-၂၀၁၇ ရက်နေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံး၊ အခြားအမည်ဖြင့် ထူထောင်သော အလားတူတရားရုံးများ၏ စုစုပေါင်းအရေအတွက်မှာ ၉၃ ရုံးထိ ရောက်ရှိလာပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးပေါ်ပေါက်လာသည့် အခြေခံကို လေ့လာလျှင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုက်ရိုက်ပေါ်ပေါက်လာသော Extra Judicial Body ဟုခေါ်သော သီးခြားတရားစီရင်ရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ၃၀-၃-၂၀၁၁ ရက်နေ့တွင် စတင်ထူထောင်ကာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး ပေါ်ပေါက်လာသော တရားရေးအဖွဲ့အစည်းသစ်တစ်ခုဖြစ်ပြီး Judicial Function ကို အကောင်အထည်ဖော်ဆောင်ရွက်သော်လည်း ခုံရုံးပေါ်ပေါက်လာသောသမိုင်းကြောင်း၊ အပ်နှင်းထားသော စီရင်ပိုင်ခွင့်အာဏာ၊ လက်တွေ့တရားစီရင်ရေးလုပ်ငန်းပိုင်းများတွင် ပြစ်မှုနှင့် တရားမမှုစီရင်ပိုင်ခွင့် အာဏာများအပ်နှင်းခြင်းခံရသော တရားရုံးများနှင့်တူညီခြင်းမရှိသည်ကို တွေ့ရှိနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ တရားရေးဖွဲ့စည်းတည်ဆောက်မှုပုံစံ**

မြန်မာနိုင်ငံ၏ တရားရေးဖွဲ့စည်းတည်ဆောက်မှုပုံစံ (Judicial Structure) ကို လေ့လာလျှင် (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ယင်း၏ ကြီးကြပ်မှုအောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ၊ (ခ) စစ်ဘက်ဆိုင်ရာတရားရုံးများ၊ (ဂ) နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ ရှိကြပါသည်။ စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ကြောင်း ပြဋ္ဌာန်းချက်ကို တွေ့မြင်နိုင်ပါသည်။

ဤ Judicial Structure အရကြည့်လျှင် ဖော်ပြပါ တရားရုံးများသည် စီရင်ပိုင်ခွင့်နယ်ပယ်ချင်း ကူးပြောင်း၍မရသကဲ့သို့ တစ်ရုံးချင်း၏ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်မှုကိုလည်း ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ပါ။ ဤတရားရုံးများ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် စည်းနှောင်မှုရှိကြပါသည်။ တစ်ရုံးချင်းကိုအပ်နှင်းထားသော စီရင်ပိုင်ခွင့်အရ မိမိတရားစီရင်ရေးနယ်ပယ်တွင်မူ အမြင့်ဆုံးဆုံးဖြတ်ချက်ကို ချမှတ်နိုင်သောအဖွဲ့အစည်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ယင်းတရားရုံးများ၏ အခြေခံသဘောတရား၊တရားစီရင်ရေးလုပ်ငန်း၊ တရားစီရင်ရေး အခွင့်အာဏာ၊ လုပ်ငန်းတာဝန်၊ စီရင်ပိုင်ခွင့်အပ်နှင်းမှုအခန်းကဏ္ဍများတွင်လည်း တူညီမှုမရှိကြပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ဖွဲ့စည်းပုံ**

ခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတကသုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကသုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သုံးဦး ရွေးချယ်ပေးရပါသည်။ အဖွဲ့ဝင်ကိုးဦးအနက် တစ်ဦးကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ညှိနှိုင်းရွေးချယ်ပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကို ရယူရပါသည်။ ဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ကြပ်မတ်ဆောင်ရွက်ရပါသည်။

ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့်တူညီပြီး ထပ်မံအရွေးခံနိုင်သော အခွင့်အရေးရှိပါသည်။

**ခုံရုံး၏လုပ်ငန်းတာဝန်နှင့် တရားစီရင်ရေး**

ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင့်ဆုံးအခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားစီရင်ရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ခုံရုံး၏လုပ်ငန်းတာဝန်များကိုလေ့လာလျှင်-

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြတောင်းဆိုလာလျှင် တင်သွင်းလွှာပါတောင်းဆိုချက်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုပေးရန်လိုအပ်သည့် အခြေအနေပေါ်ပေါက်ကြောင်း ခုံရုံးက သုံးသပ်တွေ့ရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရပါသည်။

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်း**

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ရပါသည်။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိမရှိ၊ ညီညွတ်ခြင်း ရှိမရှိ စိစစ်သည့် တရားရေးလုပ်ငန်းသည် ဥပဒေကြောင်းအရ သိမ်မွေ့ပြီး တစ်ခါတစ်ရံတွင် ခက်ခဲနက်နဲကာ ရှုပ်ထွေးမှုများနှင့်လည်း ရောနှောနေတတ်ပါသည်။

အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသော ဥပဒေများ မပေါ်ထွက်စေရေးကို ကြိုတင်ဟန့်တား ကာကွယ်ရန်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသော ဆောင်ရွက်ချက်များအပေါ် အခြေပြုပေါ်ပေါက်သော လူမှုရေးပဋိပက္ခ (Social Conflict) များကို ကြိုတင်ဟန့်တားကာကွယ်ရန်လည်းကောင်းဥပဒေကြမ်း(Bill) အဆင့်မှာပင် စိစစ်ရန်အခွင့်အာဏာအပ်နှင်းထားကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

သို့သော် ဥပဒေအဖြစ်ပေါ်ထွက်လာပြီးမှ စိစစ်ပိုင်ခွင့်အခွင့်အာဏာအပ်နှင်းမှုကို တစ်ဖက်မှကြည့်လျှင်လည်း ဥပဒေကို အကောင်အထည်ဖော်ကျင့်သုံးရာမှ ပေါ်ပေါက်လာသောအခြေအနေ၊ ပြဿနာ၊ အကျိုးဆက်၊ လက်တွေ့အသုံးချသည့် အဖွဲ့အစည်းများနှင့်လူထု၏တုံ့ပြန်မှုများကို ဓမ္မဓိဋ္ဌာန်ကျကျ စိစစ်သုံးသပ်နိုင်မည်ဖြစ်သောကြောင့် ပို၍အကျိုးရှိကြောင်း ရှုမြင်ချက်များကိုလည်းတွေ့ရှိနိုင်ပါသည်။ ဥပဒေတစ်ရပ်ကို စတင်ရေးဆွဲချိန်ကပင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများ၊ မလိုက်နာလျှင်မဖြစ်သော ဥပဒေစံနှုန်းများ ( Peremptory Norms ) အစရှိသည့် မူဘောင်နှင့်ညီညွတ်အောင်ဆောင်ရွက်ခြင်းသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ကွဲလွဲသော ဥပဒေများမပေါ်ထွက်စေရေးအတွက် အားပေးကူညီသောသဘောဆောင်ပါသည်။

**(ဂ) အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကို စိစစ်ခြင်း**

ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ စိစစ်ပေးရန် ခုံရုံးသို့ တင်သွင်းလာသည့်အခါတွင်လည်း ခုံရုံးက တရားစီရင်ရေးနည်းလမ်းအရ ကြားနာစစ်ဆေးအဆုံးအဖြတ် ပေးရပါသည်။

**(ဃ) အငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း**

ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ တိုင်းဒေသကြီး အချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ရန်အခွင့်အာဏာ အပ်နှင်းခံရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သော ဥပဒေများ၊ လုပ်ငန်းဆောင်တာများကို စနစ်တကျနှင့် ဟန်ချက်ညီညီ အကောင်အထည်ဖော်ရန်၊ အခက်အခဲနှင့် သဘောတရားကွဲလွဲမှုများဖြစ်ပေါ်ပါက တရားစီရင်ရေးနည်းလမ်းအရ အေးချမ်းစွာဖြေရှင်း အဖြေရှာရန် ရည်ရွယ်ကြောင်းတွေ့ရှိနိုင်ပါသည်။ ။

*ဆက်လက်ဖော်ပြပါမည်*



# မြန်မာသဒ္ဒါသင်ကြားရေး (၃၁)

**မောင်ခင်မင်(ဓနုဖြူ)**

"ဝိဘတ်အကြောင်းပြောပြီးတော့ သမ္ဗန္ဓအကြောင်း ဆက်ကြတာပေါ့၊ သမ္ဗန္ဓကို ဘယ်လိုဖွင့်သလဲ"

"ပုဒ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကို ဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကို ဖြစ်စေ ဆက်စပ်ပေးသော စကားလုံးကို သမ္ဗန္ဓဟုခေါ်သည်လို့ ဖွင့်ပါတယ်ဆရာ"

"ပဌမတန်းက ဒသမတန်းအထိ သဒ္ဒါစာအုပ်အားလုံးမှာ သမ္ဗန္ဓကို အဲဒီလိုပဲ ဖွင့်ကြတယ်မဟုတ်လား၊ ဒီနေရာမှာ သတိပြုမိတာတစ်ခုက ဒီမြန်မာသဒ္ဒါတွေအတွက် ဝါစင်္ဂရုစ်ပါးရဲ့အရင်းခံဖြစ်တဲ့ အင်္ဂလိပ်သဒ္ဒါတွေမှာရော၊ ကိုလိုနီခေတ်ဦးက အင်္ဂလိပ်လို ရေးတဲ့ မြန်မာသဒ္ဒါတွေမှာရော သမ္ဗန္ဓကိုဖွင့်တဲ့အခါ စကားလုံးတွေ၊ ဒါမှမဟုတ် ပုဒ်တွေပေါ့၊ အဲဒီပုဒ်တွေကို ဆက်တဲ့သမ္ဗန္ဓနဲ့ ဝါကျတွေကိုဆက်တဲ့ သမ္ဗန္ဓဆိုပြီး နှစ်မျိုးပဲပြတယ်၊ အခုသင်နေတဲ့ မြန်မာသဒ္ဒါတွေမှာပြတဲ့ အဓိပ္ပာယ်ချင်းဆက်တဲ့ သမ္ဗန္ဓဆိုတာ မပါဘူးကွဲ့"

"ဩော်၊ ဟုတ်ကဲ့ပါ"

"ဆရာ သာဓကပြပါ့မယ်၊ ဆရာရှေ့ပိုင်းမှာပြောဖူးတဲ့ ၁၈၉၉ ခုနှစ်မှာ ထုတ်တဲ့ လောင်းစဒေးရဲ့မြန်မာသဒ္ဒါစာအုပ်မှာစတဲ့ သူ့မူရင်းနာမည်ကတော့ Burmese Grammar and Grammatical Analysis ပေါ့၊ အဲဒီစာအုပ်မှာ ဘယ်လိုပြသလဲ ဆိုရင် A Conjunction in Burmese is a word used, as in English, only for one purpose,i.e. to join words and sentences တဲ့၊ သမ္ဗန္ဓဟာ စကားလုံးတွေ၊ ဝါကျတွေကို ဆက်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့သုံးတဲ့ စကားလုံးပဲလို့ ပြောတာ လေ"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ဂျေစီနက်စဖီးရဲ့ English Grammar မှာလည်း A Conjunction is a word used for joining (1) One word is another word; or (2) One sentence is another sentence လိုပဲ ဖွင့်ထားတာလေ"

"ဟုတ်ကဲ့ပါ"

"ဆရာကြီး ဦးဖေမောင်တင်ရဲ့သဒ္ဒါတွေမှာတော့ 'သမ္ဗန္ဓ' ကို မြန်မာဆန်ဆန် 'စကားဆက်' လို့ သုံးတယ်၊ ပြတဲ့ သာဓကတွေမှာတော့ ခုသဒ္ဒါတွေမှာလို ပုဒ်ချင်း၊ ဝါကျချင်းရော၊ အဓိပ္ပာယ်ချင်းရော ဆက်တာတွေပါပါတယ်၊ သမ္ဗန္ဓ သုံးမျိုးတော့ ခုလိုခွဲပြမထားဘူး"

"ဟုတ်ကဲ့ပါ"

"အခုသဒ္ဒါစာအုပ်တွေမှာ ပုဒ်ဆက်သမ္ဗန္ဓနဲ့ ဝါကျဆက်သမ္ဗန္ဓအပြင်၊ အဓိပ္ပာယ်ဆက်သမ္ဗန္ဓဆိုတာပါလာတော့ ရှုပ်ထွေးစရာ ဖြစ်လာတာပေါ့"

"ဘယ်လိုရှုပ်ထွေးစရာလဲ ဆရာ"

"စဉ်းစားကြည့်လေ၊ ရှေ့မှာပြောခဲ့တဲ့ ဝါစင်္ဂတွေက ဝါကျတစ်ခုထဲက အစိတ်အပိုင်းတွေချည်းပဲ၊ နာမ်၊ ကြိယာ၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ဝိဘတ်အထိပေါ့၊ ဝါကျတစ်ခုတည်းမှာ အဲဒီဝါစင်္ဂတွေ အားလုံးပါနိုင်တာမို့ ဘယ်ဟာ နာမ်လဲ၊ ဘယ်ဟာကြိယာလဲ၊ ဘယ်ဟာနာမ်စားလဲ၊ ဘယ်ဟာနာမဝိသေသနလဲ၊ ဘယ်ဟာ ကြိယာဝိသေသနလဲ၊ ဘယ်ဟာဝိဘတ်လဲဆိုပြီး ခွဲကြည့်နိုင်တာပဲလေ"

"ဟုတ်ကဲ့ပါ"

"သမ္ဗန္ဓလည်း ပုဒ်ဆက်သမ္ဗန္ဓနဲ့ ဝါကျဆက်သမ္ဗန္ဓတွေက ဝါကျတစ်ခုထဲမှာ ရှိနေတာပဲ၊ 'အဖေနှင့်အမေ လာကြသည်' ဆိုရင်၊ 'နှင့်' က စကားလုံးချင်းဆက်တဲ့ ပုဒ်ဆက်သမ္ဗန္ဓပေါ့၊ 'ကျွန်တော်က မုန့်ဟင်းခါးကြိုက်သော်လည်း သူကခေါက်ဆွဲကြိုက်သည်' ဆိုတဲ့ဝါကျဟာ 'ကျွန်တော်က မုန့်ဟင်းခါးကြိုက်သည်' ဆိုတဲ့ 'ဝါကျရိုး' နဲ့ 'သူကခေါက်ဆွဲကြိုက်သည်' ဆိုတဲ့ ဝါကျရိုးကို 'ဝါကျရော' ဖြစ်အောင် 'သော်လည်း' နဲ့ ဆက်လိုက်တာမို့ 'သော်လည်း' က ဝါကျဆက်သမ္ဗန္ဓပေါ့၊ အဲဒီအထိက ရှင်းတယ် မဟုတ်လား"

"ရှင်းပါတယ် ဆရာ"

"ဒါပေမယ့် အဓိပ္ပာယ်ဆက်သမ္ဗန္ဓလို့ နောက်သမ္ဗန္ဓတစ်ခုထပ်ခွဲတဲ့ အခါကျတော့ ဝါကျကို အခြေခံတာမဟုတ်တော့ဘူးလေ၊ ကဲ- ရှင်းအောင် သဒ္ဒါစာအုပ်ထဲက သာဓကတွေကြည့်လိုက်ပါလား၊ အဓိပ္ပာယ်ဆက်သမ္ဗန္ဓဆိုတာ ဘယ်လိုသမ္ဗန္ဓတွေ လဲဆိုတာ သိရအောင်ပေါ့"

"ဟုတ်ကဲ့၊ အဓိပ္ပာယ်ဆက်သမ္ဗန္ဓတွေက ထို့ကြောင့်၊ အဘယ်ကြောင့်ဆိုသော်၊ အကြောင်းမူကား၊ ထို့နောက်၊ သို့ရာတွင်၊ ထိုအခါ ဆိုပြီး သာဓကပြထားပါတယ် ဆရာ"

"ဝါကျသာဓကပြောပါဦး"

"သို့ရာတွင် ဆိုတဲ့ သမ္ဗန္ဓနဲ့ ဆက်ပုံကို ပြောပြပါ့မယ်၊ 'သူသည် ကြမ်းတမ်းစွာ ပြောဆိုတတ်သည်' ဆိုတဲ့ ဝါကျနဲ့ 'သူသည် စိတ်သဘောထားကောင်းသည်' ဆိုတဲ့ ဝါကျကို 'သို့ရာတွင်' နဲ့ ဆက်လိုက်တော့..."

"ဘယ်လိုဖြစ်သွားသလဲ"

"သူသည် ကြမ်းတမ်းစွာ ပြောဆိုတတ်သည်၊ သို့ရာတွင် 'သူသည် စိတ်သဘောထားကောင်းသည်' လို့ ဖြစ်သွားပါတယ် ဆရာ"

"အဲဒီအချက်ကို ပြောချင်တာ၊ ခုလိုဆက်လိုက်တော့ ဝါကျနှစ်ခုဟာ တစ်ခုတည်း ဖြစ်သွားသလား"

"မဖြစ်ပါဘူးဆရာ၊ ဝါကျနှစ်ခုက သီးခြားပါပဲ၊ အလယ်က 'သို့ရာတွင်' နဲ့ ဆက်ထားတာပါ"

"ကျန်တဲ့ဝါစင်္ဂတွေက ဝါကျတစ်ခုရဲ့ ဘောင်ထဲမှာပဲ ဆက်တာလေ၊ ပုဒ်ဆက်၊ ဝါကျဆက်သမ္ဗန္ဓတွေလည်း အပါအဝင်ပေါ့၊ အဓိပ္ပာယ်ဆက်သမ္ဗန္ဓကျတော့ ဝါကျ တစ်ခုရဲ့ဘောင်ထက် ကျော်လွန်မနေဘူးလား"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"သဒ္ဒါက စကားလုံးတွေကို ပုဒ်ဖြစ်အောင်၊ ပုဒ်တွေကို ဝါကျဖြစ်အောင်ဖွဲ့တဲ့ စည်းကမ်း၊ ဥပဒေသတွေကို ပြတဲ့ပညာရပ်လေ၊ သဒ္ဒါကိစ္စမှာ ဝါကျဟာ အကြီးဆုံး အစိတ်အပိုင်းဖြစ်တယ်၊ ဝါကျတစ်ခုနဲ့ တစ်ခုချိတ်ဆက်ပြီး စာပိုဒ်တို့၊ စာပုဒ်တို့ ဖွဲ့တာကျတော့ သဒ္ဒါစည်းကမ်းထက် ကျော်လွန်သွားပြီ၊ ရှေ့နောက် စကားစဉ်အဆက် အစပ်ကိုလေ့လာတဲ့ နယ်ပယ်ဖြစ်သွားပြီလေ၊ ဒီတော့ အဓိပ္ပာယ်ဆက်သမ္ဗန္ဓကို သဒ္ဒါဝါစင်္ဂတစ်ခုအဖြစ် ထည့်တာဟာ သဘာဝမကျဘူး၊ ရှုပ်ထွေးစရာဖြစ်နေတယ်လို့ ဆိုချင်တာပဲကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုဖြစ်ရတဲ့ အကြောင်းရင်းတစ်ခုကတော့ အင်္ဂလိပ်သဒ္ဒါက Conjunction ကို ပုံစံတူလိုက်ယူလို့ အဲဒီလို ဖြစ်သွားတာဖြစ်နိုင်တယ်"

"ဘယ်လိုပါလဲ ဆရာ"

"အင်္ဂလိပ်သဒ္ဒါမှာ ဝါကျနှစ်ခုကို ဆက်ပုံတွေကြည့်လေ၊ My Father likes tea. ဆိုတဲ့ ဝါကျနဲ့ My mother likes coffee. ဆိုတဲ့ ဝါကျကို ဘယ်လို ဆက်မလဲ"

" 'My Father likes tea,but my mother likes coffee' လို့ ဆက်ပါ့မယ်ဆရာ"

"ဟုတ်ပြီ၊ အင်္ဂလိပ်သဒ္ဒါမှာ အဲဒီလိုဝါကျရိုး နှစ်ခုကို ဆက်လိုက်ရင် ဝါကျရော တစ်ခုဖြစ်သွားရော၊ ဒါပေမယ့် အဖေက လက်ဖက်ရည် ကြိုက်သည်' ဆိုတဲ့ဝါကျနဲ့ 'အမေက ကော်ဖီကြိုက်သည်' ဆိုတဲ့ ဝါကျကို 'သို့ရာတွင်' နဲ့ ဆက်ရင် ဘယ်လို ဆက်မလဲ"

" 'အဖေက ကော်ဖီကြိုက်သည် သို့ရာတွင် အမေက လက်ဖက်ရည်ကြိုက်သည် လို့ ' ဆက်ပါမယ် ဆရာ"

"အဲဒီလို ဆက်လိုက်လို့ ဝါကျနှစ်ခုက တစ်ခုတည်းဖြစ်သွားသလား"

"ဖြစ်မသွားပါဘူးဆရာ၊ ဝါကျနှစ်ခု သီးခြားဖြစ်နေတုန်းပါပဲ"

"ဟုတ်တယ်၊ အင်္ဂလိပ်ဘာသာစကားရဲ့ စည်းကမ်းအရ ဝါကျနှစ်ခုကို တစ်ဆက်တည်း ဆက်လို့ရပေမယ့်၊ မြန်မာဘာသာစကားရဲ့ စည်းကမ်းအရ ဝါကျနှစ်ခုရဲ့ အလယ်က သမ္ဗန္ဓတစ်ခုထည့်လိုက်ရုံနဲ့ ဝါကျနှစ်ခု ဆက်စပ်မသွားဘူးလေ"

"ဟုတ်ကဲ့ပါ၊ သဒ္ဒါအရ ဝါကျတစ်ခုဆုံးသွားပေမယ့် အဓိပ္ပာယ်အရ မဆုံးသေးလို့ အဓိပ္ပာယ်ဆက်သမ္ဗန္ဓဆိုပြီး ထည့်တာများလားဆရာ"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလို ဝါကျတစ်ခုရဲ့ဘောင်ထက်ကျော်သွားရင် သဒ္ဒါစည်းကမ်း၊ ဝါကျဖွဲ့ထုံး စည်းကမ်းလို့ မခေါ်နိုင်တော့ဘူးလေ"

"ဟုတ်ကဲ့ပါ "

"အဲ... တစ်ခုတော့ရှိတယ်၊ အဲဒီလိုဝါကျနှစ်ခုခွဲမရေးဘဲ 'အဖေက လက်ဖက်ရည်ကြိုက်သော်လည်း အမေက ကော်ဖီကြိုက်သည်' လို့ ဆက်ရင်တော့ ဝါကျတစ်ခု တည်းဖြစ်သွားတာပေါ့၊ 'အဖေက လက်ဖက်ရည်ကြိုက်သည်' ဆိုတဲ့ ရှေ့ဝါကျထဲက 'သည်' ဆိုတဲ့ ဝါကျအဆုံးသတ်ကိုဖြုတ်ပြီး 'သော်လည်း' နဲ့ ဆက်ရမှာပေါ့၊ 'သော်လည်း' က ဝါကျဆက်သမ္ဗန္ဓလေ"

"ဟုတ်ကဲ့ပါ၊ ဒီလိုဆိုရင် ခုနပြောတဲ့ အဓိပ္ပာယ်ဆက်သမ္ဗန္ဓတွေက သမ္ဗန္ဓစစ်စစ်တွေ မဟုတ်ဘူးလို့ ပြောလို့ရမလားဆရာ"

"ဆရာကြီး ဦးဖေမောင်တင်က ကျောင်းသုံးမြန်မာသဒ္ဒါမှာ စကားဆက်တွေကိုပြရာမှာ 'သို့သော်လည်း' ဟာ 'သို့ဖြစ်သော်လည်း' ရဲ့အတိုကောက်ဖြစ်ကြောင်း ဖော်ပြထားတယ်၊ 'သို့ဖြစ်သော်လည်း' ကိုကြည့်ရုံနဲ့ သမ္ဗန္ဓတစ်ခုထက်ကျော်နေတဲ့ ပုဒ်တစ်ခုဖြစ်နေတာ တွေ့နိုင်တယ်လေ၊ အဲဒီမှာပါတဲ့ 'သော်လည်း' ကတော့ ဝါကျဆက်သမ္ဗန္ဓပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ ဆရာကြီးက 'စကားဆက်' လို့ ဖော်ပြတဲ့ သမ္ဗန္ဓတွေထဲမှာ 'ထိုသို့ဖြစ်သော်လည်း၊ သို့ရာတွင်၊ သို့ရာတွင်မူကား၊ ထို့ကြောင့် ၊ သို့ဖြစ်သောကြောင့်၊ ထိုသို့ဖြစ်သောကြောင့်၊ သို့ဖြစ်၍၊ ထိုသို့ဖြစ်၍၊ ဤသို့ဖြစ်လျှင်၊ ထိုမှတစ်ပါး၊ ထိုနည်းအတူ၊ ထိုအခါ၊ ထို့နောက်' စသည်ဖြင့် သာဓကတွေအများကြီးပါတယ်၊ ဒါပေမယ့် အားလုံးလိုလို ဝါကျတစ်ခုရဲ့ဘောင်ထက်ကျော်ပြီး ဝါကျတစ်ခုနဲ့ တစ်ခု ဆက်စပ်ရတဲ့ စာပိုဒ်တို့၊ စာပုဒ်တို့၊ စကားစဉ်တို့လို ချိတ်ဆက်ရတဲ့ ပုဒ်တွေဖြစ်နေတာမို့ သမ္ဗန္ဓစစ်စစ်တွေမဟုတ်ဘူးဆိုတာ သင်ကြားတဲ့ဆရာ ဆရာမတွေ ကွဲကွဲပြားပြား နားလည်ဖို့လိုတာပေါ့၊ တော်တော်များများက အင်္ဂလိပ်သဒ္ဒါက Conjunction တွေကို ပုံစံတူလိုက်ယူထားသလိုပဲ၊ ဆက်ပြောကြသေးတာပေါ့"

"ဟုတ်ကဲ့ပါ"


## ကြော်ငြာစာ

**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၅၅နှင့် ၅၆)**
**ရွှေဘိုခရိုင်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၆**
**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၅၅နှင့် ၅၆ တို့အရ အတည်ပြုပေးပါရန် လျှောက်ထားသည့်အမှု)**

တော်ဝင်ကောင်းမြတ်
အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
(၄င်း၏မန်နေဂျင်းဒါရိုက်တာဦးကျော်အောင်)
ပြင်စျေးရပ်၊ အမှတ်(၁)ရပ်ကွက်၊
**ရွှေဘိုမြို့** **လျှောက်ထားသူ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ ပြင်စျေးရပ်၊ အမှတ်(၁) ရပ်ကွက်နေ တော်ဝင်ကောင်းမြတ်၊ အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၅၅နှင့် ၅၆တို့အရ ကနဦးထည့်ဝင်ထားသော အစုရှယ်ယာများနှင့် မတည်ငွေရင်းတို့အား လျှော့ချပြင်ဆင်ခြင်းကို အတည်ပြုပေးပါရန် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၇၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀း၀၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ဆိုခဲ့သော တော်ဝင်ကောင်းမြတ်၊ အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၇ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိမော်)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

**အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားရန်လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၇**

**စပ်ရန်နိုင်ဦး** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ (၄)လမ်း၊ အမှတ် ၃၇/ဘီနေ အရွယ်မရောက်သေးသူ မသိမ့်သဉ္ဇာထက်နှင့် မောင်ခန့်ကျော်ဆက်တို့၏ ကိုယ်နှင့်ပစ္စည်းတို့အတွက် အုပ်ထိန်းရန်အကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ (၄)လမ်း၊ အမှတ် -၃၇/ဘီနေ ပူးတွဲလျှောက်ထားသူဖြစ်သည့် စပ်ရန်နိုင်ဦးက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မသိမ့်သဉ္ဇာထက် နှင့် မောင်ခန့်ကျော်ဆက်တို့၏ အစ်ကိုအရင်းဖြစ်သည်ဟူ၍ ၄င်းသူတို့၏ကိုယ်နှင့် ပစ္စည်းတို့အတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထား သည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများ သိရှိစေရန်အလို့ငှာ ဤ ကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ချက်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် (၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀)ရက် နံနက် ၁၀း၃၀နာရီ တွင် ဆိုင်ဆိုရန်ချိန်းဆိုလိုက်သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကြည်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

